
mgyoe.com



# မြန်မာကဗျာများကိုဖြတ်သန်းခြင်း

သူရနီ

mgyoe.com

mgyoe.com

လွတ်လပ်လာတဲ့ နိုင်ငံ၊
လွတ်လပ်လာတဲ့ ယဉ်ကျေးမှု လူ့အဖွဲ့အစည်းမှာ
လူသားဖြစ်မှုဆိုတဲ့ မူလအရင်းခံ စိတ်သဘာဝဟာ
အကျပ်အတည်း ပဋိပက္ခတွေကို
အခွင့်အရေးရရင် ရသလို တန်ပြန် ပုန်ကန်လေ့ ရှိပေတယ်။
အရင်က ထိန်းချုပ်ထားတဲ့ ရေးသားဖော်ပြခွင့်မရှိတဲ့
အရေးအသားတွေ အကြောင်းအရာတွေဟာ
အသစ်အသစ်တွေအဖြစ် အပြိုင်းအရိုင်း ထွက်ပေါ်လာခဲ့ပေတယ်။
နိုင်ငံရေးနဲ့ ပတ်သက်ပြီး အခြားတစ်ဖက်က အမြင်တွေ
လိင်ပိုင်းဆိုင်ရာ ပွင့်လင်းတဲ့ အရေးအသားတွေ၊
ဘာသာရေးနဲ့ ပတ်သက်ပြီး ဆန့်ထွက်တွေးတော ချဲ့ထွင်မှု ပုံစံတွေ
စာဖတ်သူတွေဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့တယ်။
ဖိနှိပ်ချုပ်ချယ်ထားတဲ့ စိုးမိုးမှုများရဲ့ အလွန်မှာ
အနုပညာအနေနဲ့ ဖန်တီးဖော်ထုတ်မှု ပြောင်းလဲခြင်းအတွက်
အဆန်းတော့ မဟုတ်ပေဘူး။
အရင်တုန်းက သင်းကွပ်ခံထားရတဲ့
အနုပညာသမားရဲ့ စိတ်ကို ပြန်လည်ဖန်တီး
အသက်သွင်း မွမ်းမံလိုက်တဲ့ သဘောပါပဲ။



POEM0088
2,300.00 KS

mgyoe.com

မြန်မာကဗျာများကို ဖြတ်သန်းခြင်း။ သူရနီ
မျက်နှာဖုံးပန်းချီ - ဂျွန်
စာမျက်နှာ ၁၅၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကျဆုံးလေပြီးသော နိုင်ငံတော်အား ပြန်လည်တူးဖော်ကြည့်ခြင်း | ၁ |
| ၂။ | စိတ်တွေကို ဖြေချထားကြည့်လိုက်စမ်းပါ ကိုယ့်ဆရာ | ၉ |
| ၃။ | ဇဝင် Rhizome ဘီးရာ | ၁၅ |
| ၄။ | ကျောက်တုံးပူပူပေါ်က ကဗျာများ | ၂၂ |
| ၅။ | ဆေးရုံနံရံပေါ်က ခြစ်ရာများ | ၂၈ |
| ၆။ | တက်ဗူး Taboo အစုတ်ကြီးနဲ့ စွတ်မောင်းနေတဲ့ ကားတစ်စီး | ၃၃ |
| ၇။ | ဗင်းဆင့်ဗန်ဂိုးရဲ့ မှော်ရုံ၌ နစ်မွန်းခြင်း | ၄၂ |
| ၈။ | ဒီကဗျာကို ဘယ်သူနေရာ ရှေ့တာလဲ | ၅၀ |
| ၉။ | မြတ်ဝေတည်ထောင်သော ကနုတ်မ ကတဲ့ပွဲ | ၅၉ |
| ၁၀။ | နေမြဲတံဆိပ် လိင်မစ်ရှိတ် | ၆၆ |
| ၁၁။ | အေဗရာဟာမ် အောင်ရင်ငြိမ်း | ၇၄ |
| ၁၂။ | ရခိုင်ရိုးမသို့ အင်အားများ ပေးပို့ခြင်း | ၈၃ |
| ၁၃။ | ခင်ဗျားနဲ့ မောင်ဒေးကြားက မောင်ဒေးလို ကျွန်တော်တွေ | ၉၁ |
| ၁၄။ | ပေါင်မုန့်မီးကင် | ၉၆ |
| ၁၅။ | သတင်းစာဟာ လိမ်ဖည် လိမ်ဖည်နဲ့ ကျွန်တော့်ဆီ မှန်မှန် ရောက်တယ် | ၁၀၁ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၆။ | နောက်တီးနောက်တောက် Gallery | ၁၀၈ |
| ၁၇။ | စိုင်းဝင်းမြင့်ရဲ့ ဖက်ရှင်အား အကဲခတ်ကြည့်ခြင်း | ၁၁၄ |
| ၁၈။ | ဒါပေမဲ့ | ၁၂၀ |
| ၁၉။ | မရှူးလွှင့်ရန် ကဗျာများ | ၁၂၄ |
| ၂၀။ | Aမွှန် ဩဂက်စတြော | ၁၃၁ |
| ၂၁။ | မြန်မာကဗျာများကို ဖြတ်သန်းခြင်း | ၁၃၇ |


❐

mgyoe.com

mgyoe.com

# ကျဆုံးလေပြီးသော နိုင်ငံတော်အား ပြန်လည်တူးဖော်ကြည့်ခြင်း

ဇော်လူစိမ်းရဲ့ ကဗျာများကို ဖတ်ရှုတဲ့အခါ ထူးခြားဖြစ်စဉ်များအဖြစ် အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

(က) သူ့အတွက်တော့ ကဗျာနဲ့ နိုင်ငံရေးဟာ သီးခြားအဓိပ္ပာယ် မထွက်တဲ့ ကျောချင်းကပ် အနေအထားမှာ သူ့ကိုယ်သူ အမြဲ တပ်ဆင်ထားတဲ့ လူတစ်ယောက် ဖြစ်တယ်။

(ခ) အရပ်သုံး ဝေါဟာရ ဗန်းစကား (အရပ်သုံးစကားများ) အား ကဗျာထဲ ပယ်ပယ်နယ်နယ် ထည့်ရေးလေ့ရှိတဲ့ ကဗျာဆရာ စာရင်းထဲမှာ ဇော်လူစိမ်းကိုလည်း ထပ်ဖြည့်ရပါမယ်။

ဥပမာ ဗလုံးဗထွေး၊ ဖလန်းဖလန်းထ၊ ကွက်တိကွက်ကျား၊ အိုးပစ် အိမ်ပစ်၊ ဖြူဖတ်ဖြူရော်၊ မသဒ္ဒါရေစာ၊ ပိုးစက်ပက်စက်၊ စိတ်လိုလက်ရ၊ ကုန်းရုန်းထ၊ မရမက ပါးစပ်အဟောင်း၊ ချမ်းချမ်းစီးစီး၊ အလဲအကွဲ စတဲ့ အရပ်ထဲမှာ ပြောတဲ့စကား၊ အသုံးအနှုန်းတွေနဲ့ သူ့ကဗျာတွေထဲ ထိုးသိပ် ထည့်ရေးလေ့ရှိတယ်။ ဒါကတော့ သူ့ရဲ့ အလေ့အကျင့်၊ အရပ်သုံးစကားတွေ အပေါ် သူ့ရဲ့စိတ်ကူး တိမ်းညွှတ်မှုလို့ပဲ ဆိုရပါမယ်။

(ဂ) နောက် သူ့ရဲ့ဆာလောင်မှုတွေကတော့ Surrealism သဘော တွေကို သူ့ကဗျာတွေထဲမှာ ထပ်တွေ့ရပြန်တယ်။ လူသေတွေ လေပြင်းထဲ မီးတောက်တွေလို ချီတက်လာကြတယ်/လဲကျ နေတဲ့ လူသေတချို့ ပြန်ထ/နံရံမှာ တန်းလန်းစိုက်နေတဲ့ လ

mgyoe.com

mgyoe.com


ရောင်ဖြူ/နံ့ရံတွေက တစ်ချပ်ပြီးတစ်ချပ် ကုန်းထလာ စတဲ့ အိပ်မက်ဆန်တဲ့ သရုပ်မှန်လွန် အခင်းအကျင်းတွေဟာ သူ့ကဗျာ တွေထဲမှာ ပါလေ့ပါထရှိတဲ့ ယုတ္တိမဲ့မှု ခြေသည်းလက်သည်း ချွန်တွေ ဖြစ်တယ်။

(ဃ) သေဆုံးသွားတဲ့ တော်လှန်ရေးရဲဘော်ရဲဘက် (လူသေတွေ) အပေါ် နှမြောတသမှု၊ သူတို့ကို အသက်ပြန်ရှင်သန်လိုစိတ်၊ သေပြီးသား သူရဲကောင်းတွေအပေါ် ဂုဏ်ပြုလိုစိတ်တွေက သူ့ရဲ့ စိတ္တဇမှာ တဖွားဖွား ထလင်းနေတဲ့ ဆလိုက်မီးလုံးကြီး တွေ ဖြစ်တယ်။

(င) နောက်တစ်ချက်က အကြမ်းဖက်မှုနဲ့ ခံရတဲ့သူများအကြား အဆက်အစပ် သာမန်ပြည်သူတွေအပေါ် ပါဝါအာဏာတွေနဲ့ ခြယ်လှယ်ဖိစီးချုပ်ကိုင်မှုတွေဟာ သူ့ကဗျာတွေထဲမှာ တွေ့ရ လေ့ရှိတဲ့ မော်ပမ်းမှုတွေပဲ ဖြစ်ပါတယ်။

*

မသေမရှင်တွေ ပြန်လာပြီ
………………
………………
ခင်ဗျားတို့ နှလုံးသားတွေပေါ်ကနေ လူးလိမ့်လာတဲ့ မသေမရှင်
ဒီလိုရှင်ခွင့်ရတဲ့အတွက် လူသေတွေကို ကျေးဇူးတင်လိုက်ပါရဲ့
ဒီလိုရှင်ခွင့်ရတဲ့အတွက် လူသေတွေကို အလေးပြုလိုက်ပါရဲ့
လူသေတွေကို မြင်နိုင်တာဆိုလို့ ဒီလိုမသေမရှင်တွေပဲ
မသေမရှင်တွေ ပြန်လာပြီ
ဒီလိုရှိတယ် အားကြီးသူသာ ရှင်ကျန်မြဲ
ငါတို့အသေအလဲ ရှင်ကျန်ခဲ့
အသေအလဲ မသေမရှင်တွေပဲ ဖြစ်တယ်
……………………………
……………………………

mgyoe.com

mgyoe.com


လမ်းမကြီးတွေကို သိမ်းပိုက်
အကျဉ်းထောင်တွေကို သိမ်းပိုက်
ဝက်တစ်ကောင်ရဲ့ နံကြားထဲ
လုံ့ဝှပ်ဝင်ထားသလို ကမ္ဘာကြီး နင်နေတာကို
ဒီမသေမရှင်တွေက မျိုချနေခဲ့ကြ
..............................
..............................
အသေအလဲ မသေမရှင်တွေ ပြန်လာပြီ

(မသေမရှင်)
ဇော်လူစိမ်း

ကဗျာရဲ့ခေါင်းစဉ်ကိုက စိတ်ဝင်စားစရာ။ 'မသေမရှင်'။ မသေဘူးဆိုရင် ရှင်ရမယ်လေ။ မရှင်ဘူးဆိုရင် သေရမယ်လေ။ အခုတော့ မသေဘူး၊ ဒါပေမဲ့ ရှင်လား ဆိုတော့လည်း မရှင်ဘူး။ အရှေ့အနောက် အစီအစဉ်ကျမှုကို အချိုးဖျက်ထားတဲ့ စာသား ပဋိပက္ခ တစ်ခု ဖြစ်တယ်။ ခင်ဗျားတို့ ကျွန်တော်တို့ဟာ အသက်မသေကြဘူး။ ဒါပေမဲ့ ရှင်သန်မှုကလည်း အခက်အခဲတွေနဲ့ ကြုံတွေ့နေကြရတယ်။ တအုံ့တနွေးနွေးနဲ့ ပွင့်လင်းမြင်သာမှုမရှိတဲ့ လူ့အဖွဲ့အစည်း ဖြစ်ထွန်းမှုမှာ ကျွန်တော်တို့လည်း ကျွဲကူးရေပါဆိုသလို လွဲဖယ်ရှောင်ကွင်း မရခဲ့ကြဘူး။ စစ်ဖြစ်လားဆိုတော့ စစ်လည်း မဖြစ်။ ဒါဆို ငြိမ်းချမ်းရေးရပြီလားဆိုတော့ ငြိမ်းချမ်းရေးလည်း မရ။ no war, no peace စစ်အေးကာလ အပိုင်းအခြား တစ်ခုလို နေမထိထိုင်မသာ ဖြစ်နေကြရတယ်။ ကျေနပ်မှုမရှိတဲ့ စိတ်ရှုပ်ထွေးမှုတွေနဲ့ မလုံမခြုံ ရပ်တည်နေရတဲ့ အခြေအနေတစ်ရပ်ပါ။

'ဝက်တစ်ကောင်ရဲ့ နံကြားထဲ လုံ့ဝှပ်ဝင်ထားသလို ကမ္ဘာကြီး နင်နေတာကို ဒီမသေမရှင်တွေက မျိုချနေခဲ့ကြ'

အလွန်ပဲ အားကောင်းလှတဲ့ စာသားနစ်ဝင်မှုဖြစ်တယ်။ နေမထိထိုင်မသာဖြစ်နေတဲ့ အနေအထားမှာ ကျွန်တော်တို့ဟာ မသေမရှင် ရပ်တည်နေကြရတယ်။ မကျေနပ်ချက်တွေကို အခြေအနေအရ ထုတ်ဖော်ပြသတဲ့အခါ

mgyoe.com

mgyoe.com

လည်း နိုင်လိုမင်းထက် ပြုကျင့်မှု၊ အကြမ်းဖက်မှုတွေနဲ့ ထိပ်တိုက်တွေ့ဆုံခဲ့ရပြီး အုပ်ချုပ်ခံလူတန်းစားတွေဘက်က ခါးစည်းခဲ့ကြရတယ်။

*

ဇော်လူစိမ်းရဲ့ ကဗျာတွေမှာ နောက်ထပ်တွေ့ရတာဟာ စာသားတွေကို parodyဆန်ဆန် ထေ့သလို ငေါ်သလို တပ်ဆင်မှုတွေကလည်း ကဗျာဖတ်သူတွေကို နှပ်ကြောင်းပေးသလို ဖြစ်နေပြန်တယ်။ ကျွန်တော်တို့ ကြားဖူးနေကျ စကား၊ အသုံးအနှုန်းတွေကို ပြုံးထေ့ထေ့နဲ့ သရော်လိုက်တဲ့ အခြင်းအရာများ။ လူသိရှင်ကြား စကားတွဲလုံး တစ်ခုကို အခြား စကားစု တစ်ခုနဲ့ ပူးကပ်ပေးလိုက်သဖြင့် သုံးလေ့သုံးထ မရှိတဲ့ စကားစု တွဲစပ်မှု ဖြစ်သွားတယ်။

ဥပမာ… လက်ညှိုးညွှန်ရာ တိမ်ကော စစ်ပွဲတစ်ပွဲ လွတ်နေတယ် သက်ရှိကို လိုက်ပို့ခြင်း ကျောင်းတို့ပျော်ရာ ရေကန်သာ အင်္ဂတေ ကြေညာချက် သော့ခလောက် ကြေညာချက် အာဏာသိမ်း အာဏာဝှက် အာဏာအမည် ပေါက် အာဏာရေင်ကြူး အလဲအကွဲ ငရဲကြာညောင် သံမဏိလန့်ကွဲ ကတ္တီပါလန့်ကွဲ စတဲ့ သူ တိုက်ရိုက်တွေ့ကြုံနေရတဲ့၊ သူ တကယ်ဖြတ်သန်းနေရတဲ့ လူ့အဖွဲ့အစည်းအပေါ် မကျေနပ်မှုတွေက အနုပညာရှင်ရဲ့ စိတ်ခံစားမှုတွေကို မြင်ပြင်းကတ်စေပါတယ်။ ထပ်ပြောရရင် သူ့ရဲ့ သရော်မှု သူ့စာသားတွေက တစ်ခါတစ်ခါ ဒါဒါဆန်တယ်။ တင်းကျပ်တဲ့ လူမှုစည်းကမ်းတွေ ကိုယ်ကျင့်သိက္ခာတွေ ယုတ္တိဗေဒ ဆက်စပ်ဆင်ခြင်မှုတွေကို သူ့ရဲ့စိတ်အတွင်းက တိုးထွက်လာတဲ့ အချွတ္တက မိုနာလီဇာပုံကို နှုတ်ခမ်းမွေး တပ်ပေးလိုက်ခြင်းဟာ နောက်ကျိနေတဲ့ သူ့စိတ်ကို သက်သာရာရသွားစေခဲ့ပါတယ်။ သူ့ကဗျာရဲ့ တချို့စာသားတွေဟာ ယုတ္တိမဲ့စွာ ဆက်စပ်မှု အရှိတရား လမ်းကျဉ်းကျဉ်းလေး ထဲကနေ တိုးထွက်လာတဲ့ သိစိတ်ချဲ့ထွင်မှုအဖြစ် ကျွန်တော်တို့ ယူဆရပါမယ်။ ကဗျာဆိုတာ သူ့အတွက်တော့ ကန့်သတ်ထိန်းချုပ်ထားတဲ့ စိတ်ခံစားချက်တွေရဲ့ တော်လှန်လိုမှုအနှာ ဖြစ်တယ်။

**အကန့်**

ဧည့်ခန်းထဲမှာလို အနံ့ခံကောင်းတဲ့ နံရံကို ကျောပေးပြီး
ခင်ဗျားထိုင်နေမယ်၊ ဒါမှမဟုတ် ခင်ဗျားကိုယ်က

mgyoe.com

mgyoe.com


ပရိဘောဂအသိုးနဲ့ထွက်နေမယ် ဒါမှမဟုတ်
အသားဓာတ် ကစီဓာတ်တွေ နံ့ရုံက တောင်းဆိုနေတုန်း
ခင်ဗျားရဲ့ အဆုတ်လေငတ်ရောဂါဟာ ဓာတ်လှေကားထဲမှာ
တစ်နာရီကျော်ကြာအောင် ပိတ်မိနေမယ်
မျက်လုံးတွေ ဘာတွေ ပြူးထွက်လာအောင် မှန်နံ့ရုံတွေက
ခင်ဗျားလည်မျိုကိုညှစ်
ခင်ဗျားလက်က ခင်ဗျားလည်စည်း၊ ကြယ်သီးကို
အတင်းချွတ်နေရတဲ့ အချိန်ပေါ့
ထင်သလောက်တော့ မလွယ်လှဘူး ပြောရရင် ရက်စက်တဲ့
အနုပညာ
ခင်ဗျားအကြိုက်ဆုံး နံ့ရုံကို ရဖို့
နမူနာပြထားတဲ့ အဆင်အသွေးတွေက အော်ခေါ်နေမယ်
ခင်ဗျားက အဲဒီအသံနောက်လိုက်နေတုန်း
အဲဒီအသံက ခင်ဗျားကို
မိပြီ
ဒီနေရာမှာ ဇာတ်လမ်းက အချိတ်အဆက်ပြတ်သွား
သယောင်နဲ့
ခင်ဗျားအိပ်မက်က နံ့ရုံတွေကြားထဲမှာ ဖြူဖတ်ဖြူရော်ကြီး
ထထိုင်နေမယ်
ဒါမှမဟုတ် အသေကောင်လို ပေါလောမျောနေမယ် ဒါမှ
မဟုတ်
ဒါမှမဟုတ်ရဲ့ နောက်ကွယ်မှာ နံ့ရုံတွေ တစ်ချပ်ပြီး တစ်ချပ်
ကုန်းထလာကြမယ်
ဟုတ်ပြီလေ ဒီစာသားမှာ ခဏနားပြီး ဆေးလိပ်မီးတစ်တို့
တောင်းလိုက်
ခင်ဗျားစိတ်အတွင်းသားလို ရဲနေတဲ့ ခပ်လွယ်လွယ် မီးတစ်တို့ပဲ
ဒီမှာလည်း အနံ့ခံကောင်းတဲ့ နံ့ရုံတွေလေ
မိုးမိထားတဲ့ ခွေးဝဲစား တစ်ကောင်လို

mgyoe.com

mgyoe.com


စိုတိစိုဖတ်နဲ့ ဒုစရိုက်အနံ့ ထွက်ပြနေမယ်
နားရွက်တွေ တဖျပ်ဖျပ်ခါပြီး အဲဒီနားရွက်တွေက
ခင်ဗျားကို စိုက်ကြည့်နေကြဦးမယ်
တကယ်တော့ နံရံတွေမှာ နားတွေ မရှိဘူး
တကယ်တော့ နားရွက်တွေက ကြောင်တောင်ကန်း
တကယ်တော့ ကန်းနေတဲ့ အသားထဲကနေ မျှော့တွေလို
တိုးထွက်လာလိုက် ကျုံ့ဝင်လိုက် ရှိရွဲနေတဲ့ နားရွက်
နောက်ဆုံး ခင်ဗျားဟာ မီးကျွမ်းနေတဲ့ ပရိဘောဂ တစ်ခုလို
ထိုင်လို့
အဲဒီနံရံမှာ တန်းလန်းစိုက်နေတဲ့ လရောင်ဖြူက
(နောက်ဆုံး) တောင်းဆိုလိမ့်ဦးမယ်
ဘဝတစ်ခုလုံး ခင်ဗျာ့အတွေးတွေ ထုံကျဉ်နေရအောင်
ခင်ဗျာ့အလွမ်းတွေ ရောင်ကိုင်းနေရအောင်
ခင်ဗျာ့အဘိဓမ္မာတွေ ကိုက်ခဲနေရအောင် (တငွေ့ငွေ့နဲ့)။ ။

ဇော်လူစိမ်း

ကဗျာကတော့ ချောက်ချားစရာလိုလို။ ဂနာမငြိမ်တဲ့ အတွင်းကျကျ စိတ်ခံစားမှုရဲ့ အချုပ်အခြာမှ အော်သံတစ်ခု ဖြစ်တယ်။ ကဗျာဖတ်သူဆီကို လည်း အိုက်လှောင်ကူးစက် ရောက်ရှိလာတယ်။ သရုပ်မှန်လွန် ဆူရီယလ် ပုံရိပ်တွေကလည်း သူ့ကဗျာတွေမှာ ပါလေ့ပါထရှိတဲ့ အနက်ရောင် ရှုခင်း ရှုကွက်တွေပဲ ဖြစ်တယ်။ သူ့ပတ်ဝန်းကျင်ဆိုတာကလည်း ကြည့်မိတော့ နံရံတွေကိုပဲ တွေ့ရတယ်။ အဲဒီနံရံတွေကလည်း သူ့ဘက်မှာ မရှိ။ သူ့ကို အမြဲ စောင့်ကြည့်ခြောက်လှန့်နေတဲ့ သူစိမ်းတွေ ဖြစ်တယ်။ ဂနာမငြိမ်တဲ့ သူ့စိတ်တွေကို တည်ငြိမ်အောင် ဘယ်လိုတည်ဆောက်လို့မှမရတဲ့ ဆင်းရဲမှု တစ်မျိုးအောက်ကို ရောက်ရှိသွားခဲ့ပါတယ်။ ကာယိကဒုက္ခရဲ့ အကြောင်းရင်း ကြောင့် စေတသိကဒုက္ခ တစ်လှေကြီးနဲ့ တွေ့ကြုံခံစားခဲ့ရမှုကို ကဗျာက တစ်ဆင့် ခင်ဗျားတို့ကို ပြောပြနေခြင်း ဖြစ်တယ်။ လေးဘက်လေးလံ ပိတ် လှောင်ထားတဲ့ အကန့်၊ အကျဉ်းစခန်းလိုလို (သို့) ထောင်လိုလို နယ်မြေထဲက လူသားတစ်ဦးရဲ့ မွန်းကျပ်မှု၊ ဆောက်တည်ရာမရတဲ့ ချောက်ချားစရာ စိတ်

mgyoe.com

ခံစားမှုတွေကို ခင်ဗျားတို့ ကျွန်တော်တို့ကို ပြန်ပြီး ပြောပြနေတာ ဖြစ်တယ်။ ဇော်လူစိမ်းရဲ့ ကဗျာတွေအပေါ် ကျွန်တော့်အမြင်ကတော့ လက်ရှိ ကျွန်တော်တို့ ဝန်းကျင်မှာ ရေးသားနေတဲ့ ကဗျာတွေနဲ့ နှိုင်းယှဉ်ရရင် သူ့ကဗျာတွေဟာ ကဗျာဆန်မှု အလှတရား (ရသဗေဒ) ကဗျာဓာတ်တွေကို တမင် လျှော့ချပြီး သူ့ကဗျာတွေကို ဖွဲ့စည်းတည်ဆောက်လေ့ ရှိတယ်။ သာမန် ကဗျာဖတ်သူများ သိပ်ပြီး အကြိုက်မတွေ့လှတဲ့ ကဗျာဆရာတွေထဲမှာ သူ (ဇော်လူစိမ်း) လည်း ပါလိမ့်မယ် ထင်ပါတယ်။ ဒါကလည်း သိပ်ပြီး ကိစ္စမရှိပါ။ anti-art ကဗျာဟာ ကဗျာဆန်မှုကို ဆန့်ကျင်ရေးသား တည်ဆောက်နေကြပြီ မဟုတ်ပါလား။

*

ကဗျာဆီပြန်သွားရရင် နံရံတွေဟာ ကဗျာထဲက ဇာတ်ကောင်ကို သားကောင်သဖွယ် ချောင်းမြောင်းနေတယ်။ သူတို့ အစာချက်ဖို့ လူသားရဲ့ အနံ့ဆိုး၊ ကစီဓာတ် အဆုတ်တွေရဲ့ အလစ်အငိုက်ကို စောင့်ကြည့်နေကြတယ်။ အိပ်မက်လိုလို တကယ်လိုလို ဇဝေဇဝါနဲ့ သူ့ရဲ့ အသိစိတ်တွေကို မွန်းကျပ် အိုက်လှောင်စေခဲ့တယ်။ သူ့ကဗျာမှာ ထူးခြားတာ တစ်ခုက…

လိုင်း ၉ လိုင်းမှ ၁၀ လိုင်းအကူး

လိုင်း ၁၅ လိုင်းမှ ၁၆ လိုင်းအကူး

၂၀ မြောက်လိုင်းတွေမှာ ကဗျာဖတ်နေရင်း ကဗျာရဲ့အရှိန်ကို ရပ်တန့်သွားမလိုလိုနဲ့ ဆက်သွားစေခဲ့တယ်။ ကဗျာကို ဖတ်ရင်း တုံ့ခနဲဖြစ်ပြီး ရှေ့ပြန်ဆက်သွားစေပြန်တယ်။ ဘောလုံးပွဲတွေမှာဆို ပြစ်ဒဏ်ကျူးလွန်ပေမဲ့ ပွဲမရပ်ဘဲ (Advantage)သဘော ကွင်းလယ်ဒိုင်က အခွင့်ထူးပေးပြီး ဆက်ကစားစေတဲ့ သဘောပါပဲ။ ကဗျာမှာ ဒီလိုင်းတွေရဲ့ ထူးခြားမှုက ကဗျာရဲ့ အရှိန်ကို တမင်လျှော့ချပြီး ကဗျာဖတ်သူရဲ့အားကို တစ်ဖန်ပြန်ယူပြီး ညီညွတ်စေတဲ့သဘောပါ။

စိတ်ရဲ့မွန်းကျပ်မှု၊ ယောက်ယက်ခတ်မှု၊ ဗလောင်ဆူမှု၊ ချောက်ချားမှု ပဋိပက္ခတွေက စုစည်းလို့မရတဲ့ နယ်ပယ်ထဲမှာ ကဗျာရဲ့ tempoကို လျှော့ချလိုက်၊ အရှိန်တင်လိုက်နဲ့ ကဗျာရေးသူရဲ့ စိတ်ကူး လူးလွန့်မှုထဲမှာ ကျွန်တော်တို့လည်း လိုက်ပါဆောင်ရွက်နေကြရတယ်။ ဒါတွေဟာ နိုင်ငံရေး ဆိုတဲ့

mgyoe.com

mgyoe.com


ရုပ်တည်မှု တစ်နေရာကနေ ပြောရရင် အဖိနှိပ်ခံ ယဉ်ကျေးမှုရဲ့ ရေသောက်မြစ်မှ ပေါ်ထွက်လာတဲ့ အခိပ္ပာယ် တစ်မျိုးလို့ ယူဆရပါမယ်။ စိတ်ဟာ ရုပ်ခန္ဓာကြီးကနေ ကင်းကွာသွားလိုက်/(ခေတ္တ) ပူးတုံ ခွာတုံဖြစ်လိုက်နဲ့ ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ နားရွက်တွေကလည်း သူ့တာဝန်သူ ကျေပွန်အောင် ထမ်းဆောင်နိုင်ခြင်း မရှိတော့ဘဲ အာရုံအသိ ကင်းမဲ့စွာ ပျက်ယွင်းသွားလေတယ်။

နောက်ဆုံးတော့ ကဗျာရဲ့ အရှေ့ဘက်အပိုင်းက ထိတ်လန့်မှု ချောက်ချားစရာတွေနဲ့ ဇာတ်ကို အတင်အချပြုလုပ်လာခြင်းကနေ ကဗျာရဲ့ အဆုံးသတ်အပိုင်းမှာ ချက်ကော့ရဲ့ နံရံက သေနတ်ကို ယူဖောက်မလားလို့ မျှော်လင့်ခဲ့ပေမဲ့ နံရံကသေနတ်ကို နံရံမှာပဲ ပြန်ချိတ်ထားလိုက်တယ်။ သဘောကတော့ ကဗျာရဲ့ အဆုံးသတ်ကို ပေါက်ကွဲမှုသော် လည်းကောင်း၊ ဖွင့်ဟဖော်ထုတ်ချက်တစ်ခုခုနဲ့ ကဗျာဖတ်သူက မျှော်လင့်ခဲ့ပေမဲ့ ဖြစ်မလာခဲ့ဘူး။ အဲဒီအတွက် ဇော်လူစိမ်းဟာ အောင်မြင်ခဲ့တယ်လို့ ယူဆရပါမယ်။ ကဗျာဖတ်သူ မျှော်လင့်မထားတဲ့ twist ကို ကဗျာဖတ်သူဆီက ရယူလိုက်နိုင်တယ်။

ကဗျာရဲ့ အဆုံးသတ်မှာတော့ အသိစိတ်တွေ လွတ်နေတဲ့ တည်ဆောက်ခံ ခန္ဓာကိုယ်ကြီးတစ်ခုကတော့ မီးကျွမ်းနေတဲ့ အသိမဲ့ ပရိဘောဂကြီးလို ငူငူကြီး ထိုင်လို့ ကြွင်းကျန်နေရစ်တော့တယ်။ အသိစိတ်ကို ပြန်စုစည်းကြည့်လိုက်တော့ အတွေးတွေ၊ အငေးတွေ၊ အလွမ်းတွေက ဘယ်လောက်ကြာအောင် သိစိတ်မဲ့ လွင့်မျောသွားတယ် မသိ။ တစ်ကိုယ်လုံး ထုံကျဉ်ကိုက်ခဲ။ အတွေးတွေက တငွေ့ငွေ့အူ တဖွဲဖွဲ လွမ်းခဲ့ပေါ့။

ဒါပေမဲ့ ခန္ဓာကိုယ် ငူတူတူကြီးတော့ ဖိနှိပ်ခံ ယဉ်ကျေးမှုရဲ့ ကန့်သတ်ထိန်းချုပ်မှုအောက်ကနေ လွတ်မြောက်နိုင်ခြင်း မရှိတာကြောင့် သူ့ရဲ့ အတ္တကို သူတို့ ပြန်မိသွားပြန်တယ်။

၂၀၁၆၊ ဇန်နဝါရီ၊ ခေတ်ရန့်မဂ္ဂဇင်း။

❒

mgyoe.com

mgyoe.com

## စိတ်တွေကို ဖြေချထားကြည့်လိုက်စမ်းပါ ကိုယ့်ဆရာ

**စိတ်က အပုံလိုက် လူက လင်းပစ်လိုက်**

ခေတ်ပေါ်ဒီဇိုင်းနဲ့ စတီးလ်ထိုင်ခုံပေါ်
ကျွန်တော် ငြိမ်သက်စွာ ထိုင်နေပါတယ်။
ခါးကတော့ အလိုက်သင့်၊ ကျောကလည်း နောက်မှီလို့
လျှော့လျှော့လျဲလျဲပါ။
စိတ်တွေကို အပုံလိုက် ဖြေချထားရတဲ့ အရသာဟာ
ဘာနဲ့မှမတူပါလား ကိုယ့်ဆရာတို့။
လက်နှစ်ဖက်ကတော့ သူတို့ကို အာရုံမထားမိတော့
ပေါင်ပေါ်မှာ ပြားချပြီး ရှိနေလောက်ပါတယ်။
မျက်လုံးတွေကလည်း
ဖွင့်ထားပေမဲ့ ဘာမှတော့ မမြင်နေပါဘူး။
ဒီကနေ့ သတင်းထူးများလည်း
ကျွန်တော် မသိပါဘူး။
စောစောရောက်လာခဲ့တဲ့ စာစောင်တွေလည်း
မဖတ်ဖြစ်လိုက်ဘူး။
အချုပ်ပိုတွေလည်း တစ်နေရာရာ လွင့်ပါသွားပြီပေါ့။
ခြေထောက်တွေကိုတော့ နည်းနည်း လှုပ်မိသွားတယ် ထင်ရဲ့။
အေးအေးလူလူရှိတဲ့အခါ ခြေကို နှန့်တတ်တဲ့ အကျင့်က
ပါနေတုန်းပါလားဗျာ။

mgyoe.com

mgyoe.com


အခု ခြေကိုထိမိတဲ့ စူးရှရှအစဟာ
ကျွန်တော့်ထိုင်ခုံမှာ လာငြိနေတဲ့ ဝိုင်ယာစ
ဒါကို အစောကြီးကတည်းက ကျွန်တော် မဖယ်ပစ်ခဲ့ဘူး။
မကြာခင်ဆို ဒီအခန်းထဲ
လျှပ်စစ်ဓာတ်အားလိုင်း ပြန်ဝင်လာမယ်လို့
ဒီမတိုင်ခင်က ကြားလိုက်မိသလားပဲ။
လင်းဖို့ရာ မီးသီးမရှိသေးတဲ့
ဒီကြိုးစမှာ
ကျွန်တော်ကိုယ်တိုင် လင်းပစ်လိုက်ဖို့ပါ။ ။

စန်းဦး
(နှစ်ထပ်သောလုံးကဗျာစာအုပ်မှ)

ဒီကဗျာကို စကားချီးအနေနဲ့ ကြိုတင်ပြောထားရရင်တော့ ဖွင့်ဆိုရှင်းလင်းချက်တွေဟာ ကဗျာကို အဓိပ္ပာယ်အရောင်အသွေး တက်လာအောင်၊ တန်ဖိုးရှိလာအောင် ပြုလုပ်တယ် ဆိုပေမဲ့ ကဗျာကို နေရာတစ်ခုတည်းမှာ ကန့်သတ်ပစ်သလို (ကဗျာကို သတ်ပစ်သလို) လည်း ဖြစ်သွားတတ်ပါတယ်။

ကဗျာမှာ ပထမနာမ်စား (ပုဂ္ဂလိက) ဇာတ်ပြော 'ကျွန်တော်'/ "I" နေရာကဝင်ပြီး ရေးထားတာပါ။ ကဗျာကိုစပါပြီ။ ခေတ်ပေါ်ဒီဇိုင်းနဲ့ စတီးထိုင်ခုံမှာ ထိုင်တယ်။ (ဒီနေရာမှာ ကဗျာကို စပြီး သတိထားမိတာက) ထိုင်တယ်ဆိုတဲ့နေရာမှာ ဘယ်လိုထိုင်တာလဲ။ ငြိမ်သက်စွာ ထိုင်လိုက်ပါသတဲ့။ ဘာဆက်လုပ်သလဲဆိုတော့ ခါးက အလိုက်သင့် အနေအထား၊ ကျောကလည်း နောက်မှီလို့ လျော့လျော့လျဲလျဲ အနေအထား ဖြစ်ပါသတဲ့။ ဒီအနေအထားက အရေးပါတဲ့ အကြောင်းအရာ မဟုတ်ဘူးဆိုပေမဲ့ ခပ်ပေါ့ပေါ့ ဖော့ပေးလိုက်သလို လိုက်လျောပြုလိုက်တဲ့ သဘောလည်း ရပါတယ်။

"စိတ်တွေကို အပုံလိုက်ဖြေချထားရတဲ့ အရသာဟာ/ဘာနဲ့မှ မတူဘူး" ဆိုပဲ။ ဒီနေရာမှာတော့ စာသားတွေပေါ်မှာပဲ ပြေးလွှားလိုက်ဖမ်းနေလို့ကတော့ ကဗျာထဲက သူပြောတဲ့ 'အရသာ' အထွတ်အထိပ်ကို ရောက်မှာ မဟုတ်ပေဘူး။ ဉာဏ်စဉ်တစ်ရပ်လို မိမိရဲ့ စိတ်သဏ္ဌာန်နဲ့အတူ သူ့လိုပဲ

mgyoe.com

mgyoe.com


အလုပ်ထွက်လုပ်မှုရမယ့် သဘောပါ။ အလုပ်ထွက်လုပ်တယ် ဆိုတာကတော့ တိုက်ရိုက်အတွေ့အကြုံနဲ့ ဆိုင်ပါတယ်။ ပြောစကား/စာသားများမှာ လိုက်ဖမ်းလို့တော့ရမှာ မဟုတ်ပေဘူး။ လက်တွေ့စခန်း ဝင်ကြည့်မှသာ သူပြောတဲ့ ဘာနဲ့မှမတူတဲ့ အရသာကို ခရေစေ့တွင်းကျ သိရပါလိမ့်မယ်။ ကဗျာရဲ့အလှ ဓာတ်ကွပ်ကဲမှု လက်ရာလောက်သာ ကောက်ယူဖမ်းမယ်ဆိုရင်တော့ သဘောပါ။ **"လက်နှစ်ဖက်ကတော့ သူတို့ကို အာရုံမထားမိတော့ ပေါင်ပေါ်မှာ ပြားချပြီး ရှိနေလောက်ပါတယ်။"** ကဗျာမှာ ပြောစကားနဲ့ ဖီလာဆန့်ကျင်ဖြစ်နေတဲ့ အဓိပ္ပာယ် ironyဆန်မှု/ဆန်ခြင်းကိုလည်း တွေ့ရပါတယ်။ ပြောရရင်တော့ လက်နှစ်ဖက်ကို အာရုံမထားမိခြင်းကို၌က အာရုံထားလိုက်ခြင်းပါပဲ။ ဒီကိစ္စက သိပ်ပြီး ပါးလှပ်သိမ်မွေ့လွန်းပေတယ်။ လှစ်ခနဲ အာရုံယူမိလိုက်ခြင်းလို့ပဲ ကျွန်တော်မြင်တယ်။ မျက်လုံးတွေကလည်း ဖွင့်ထားပေမဲ့ ဘာကိုမှ မမြင်ဘူးလို့ ဆိုပြန်သေးတယ်။ ကဗျာစာသားများအနေနဲ့ အရိုတရား/ပြဿနာ ဆန်ဆန်တွေကို အတော်များများ ဖြတ်သန်းနေရခြင်းပါပဲ။ ဒါကတော့ အားလုံး ဖြစ်ဖူးကြုံဖူးပါလိမ့်မယ်။ ဥပမာ မိမိရှေ့နံရံကို ကိုယ်တိုင်ကြည့်နေပေမဲ့ ကိုယ်တိုင် မမြင်မိသလို ဖြစ်တတ်ပါတယ်။ ဘာဖြစ်သလဲဆိုတော့ စိတ်က အခြားတစ်နေရာကို တွေးနေလို့၊ ရောက်ရှိနေလို့ပါပဲ။ စက္ခုပသာဒနဲ့ အာရတန (မြင်စိတ်) တို့ပေါင်းဆုံမှ အရာဝတ္ထုကို မြင်ရတွေ့ရမှာ ဖြစ်ပါတယ်။ နံရံကို မြင်ချင်ရင်တော့ စိတ်ကိုနံရံဆီ ပြန်စူးစိုက်၊ ပြန်ရွေ့ယူ၊ အာရုံထားမှသာ နံရံရဲ့ ပုံရိပ်ပေါ်လာပြီး ဩော်... ဒါ နံရံပါလား ဆိုတဲ့ သဘောကို ဆက်စပ်ယူမိမှာသာ ဖြစ်ပေတယ်။

ကဗျာဟာ စိတ်ကို တစ်ဆင့်ပြီးတစ်ဆင့် သယ်လာတယ်။ ဘယ်မှာ ပစ်ချထားခဲ့မလဲ။ ဘယ်မှာထားမယ့်သဘော ရှိလေမလဲ။ ကျွန်တော်တို့ ကဗျာနောက် ဆက်လိုက်ကြတာပေါ့။ လူ့အဖွဲ့အစည်းကြီးအတွင်းမှာပဲ ရှိနေပါတယ် ဆိုတဲ့ လူသားက လူ့လောက ကြုံဆုံမှု သတင်းပလင်းများ၊ အကြောင်းအရာ အဖြစ်အပျက်များနဲ့ အဆက်အစပ်မဲ့သလို ပြတ်တောက်ကင်းကွာနေတယ်လို့ ယူဆရပါမယ်။

**"ခြေထောက်တွေကိုတော့ နည်းနည်း လှုပ်မိသွားတယ် ထင်ရဲ့"** စိတ်က ခြေထောက်တွေဆီ ရောက်သွားပြန်တာလား။ သူ့အလေ့အကျင့်က

mgyoe.com

mgyoe.com


အေးအေးလူလူရှိတဲ့အခါ ခြေကို နှန့်တတ်တယ်ဆိုပဲ။ ၄င်းကို သင်္ကေတ တစ်ရပ်အနေနဲ့လည်း ရယူနိုင်ပါတယ်။ ခြေကို နှန့်တာ၊ ဒူးချိတ်တာ၊ လေချွန် တာ၊ နဖူးပေါ် လက်တင်တာ စသည်ဖြင့် သင်္ကေတပြမှုအရ တစ်နေရာရာကို စိတ်ရောက်သွားခြင်း၊ တစ်ခုခုကို စဉ်းစားတွေးတောနေခြင်းလို့ ယူဆရပါမယ်။ သူ့စိတ်က ဆက်သွားပြန်တယ်။ သူ့ခြေကို လာထိမိတဲ့ စူးရှရှ အရာက ဘာ လဲ။ အလို ဗုဒ္ဓေါ ဘုရားရေ ဗိုင်ယာစ တစ်ခုပါလား၊ စသည်ဖြင့် အထိတ် တလန့် အာမေဋိတ်သံတွေ ပွက်လောရိုက်ပြီး တအံ့တဩ ထွက်လာရမယ့် အခန်းပါပဲ။ ဒါပေမဲ့ ကဗျာထဲက ဇာတ်လိုက်က ထိုသို့ မဟုတ်ပါ။ ဘာမှမဖြစ် သလို (ထိမထင်) အပြုအမူနဲ့ အေးအေးဆေးဆေးပဲ။ ဒီလူဟာ ဘယ်လိုလဲ။ ဘယ် လိုလူစားလဲ။ ကိုယ့်အသက်အန္တရာယ်ဖြစ်မယ့် ကိစ္စ။ ကိစ္စမှ တကယ့် ကိစ္စ အကြီးကြီး၊ ဒီဝါယာစကို သူ လုံးဝ ဖယ်မပစ်လိုက်ဘူး။ သူမသိတာ မဟုတ်ဘူး။ သူ သိပါတယ်။

**မကြာခင်ဆို ဒီအခန်းထဲ**
**လျှပ်စစ်ဓာတ်အားလိုင်း ပြန်ဝင်လာမယ်လို့**
**ဒီမတိုင်ခင်က ကြားလိုက်မိသလားပဲ။**

(စာ-၂၂၊ ၂၃၊ ၂၄)

ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ သာမန် အဖြစ်အပျက်၊ သမာရိုးကျ မြင်မှု၊ တွေ့မှုပုံစံ၊ ကျိုးကြောင်းဆင်ခြင်မှု အခြေအနေရပ်တွေနဲ့ အစွန်းရောက်၊ ဆန့်ကျင်နေခဲ့ရင်တော့ ထူးဆန်းတဲ့ အဖြစ်အပျက် တစ်ရပ်လို့ပဲ ယူဆရပါမယ်။ သူသိပါတယ်။ ဘာကို သိတာလဲ။ မကြာခင်အချိန် လျှပ်စစ်ဓာတ်အား ဝင် လာတော့မယ်ဆိုတာ သိတာပါ။ ခင်ဗျားတို့ ကျွန်တော်တို့စိတ်နဲ့ဆို ဒီအန္တရာယ် စက်ကွင်းကို ချက်ချင်း လွဲရှောင်ဖယ်ခွာလိုက်ပြီပေါ့။ လင်းဖို့ရာ မီးသီးမရှိ လေတော့ ဒီကြိုးစမှာပဲ သူ့ကိုယ်သူ မီးသီးအဖြစ် (representation)ကိုယ် စားပြု မီးလင်းလိုက်ဖို့ပါပဲ။ ဘယ်လောက် ထိတ်လန့်စရာကောင်းတဲ့ အနေ အထား တစ်ရပ်လဲကွယ်တို့။ ဒီလောက် အန္တရာယ်ကြီးမားမှုကို သူ့အနေနဲ့ မဖြုံသလို ဂရုမထား၊ ဂရုမစိုက်ဘဲနေခြင်းကတော့ အံ့ဩမှင်တက် ဘုရား တမိပါရဲ့။ ဒီနေရာမှာ စဉ်းစားစရာ ချွင်းချက်တစ်ခုက ဒါဟာ Artist တစ်ဦးရဲ့ Performanceပြကွက် တစ်ခုလေလား။ The Chairsပြဇာတ်ထဲက

mgyoe.com

mgyoe.com


အဘိုးကြီး အဘွားကြီး လင်မယားက ထိုင်ခုံလွတ်များနဲ့အတူ ဆွံ့အနားမကြား ဖြစ်နေတဲ့သူကို သူတို့ဘဝရဲ့ ရရှိခဲ့သော အမြင်များကို လက်ဆင့်ကမ်း သယ်ပိုး ပြောကြားသွားခဲ့ပြီး သူတို့ကိုယ် သူတို့တော့ အဆုံးစီရင်ပစ်လိုက်တဲ့ အဓိပ္ပာယ်မဲ့ ပြဇာတ်ထဲကလိုလား။ ထို့အတူ မစင်တွေနဲ့ ပန်းပုထုပြတဲ့ အနုပညာ ပြကွက် အယူအဆတွေလည်း ရှိခဲ့တယ်။ အခုလည်း ဒီကဗျာနဲ့ ပတ်သက်တဲ့ ဖြစ်စဉ် တစ်ရပ်ကို ကျွန်တော့်အနေနဲ့ ဝင်ရောက်စွက်ဖက်ကြည့်ခြင်း ဖြစ်ပါတယ်။ ဒီလောက် အန္တရာယ်ကြီးတဲ့ ကိစ္စဟာ ကျွန်တော်တို့ သာမန်လူသားများရဲ့ ဆင်ခြင်မှုအသိနဲ့ လုံးဝ ဆန့်ကျင်နေပါလိမ့်မယ်။ ကဗျာထဲက လုပ်ရပ် အဖြစ်အပျက်နဲ့ ပတ်သက်ပြီး ကျိုးကြောင်းဆင်ခြင်မှု ပုံသဏ္ဌာန်အရ တော့ နားလည်လို့ မရဘူး ဖြစ်ကောင်း ဖြစ်နေပါလိမ့်မယ်။

ဆောင်းပါးမှာ ကျွန်တော် အစထုတ်ပြီး ထားခဲ့တာတွေ ရှိပါတယ်။ အဲဒီအစတွေကို ရှင်းရင်တော့ ရသေ့ ရှစ်သောင်း ဇာတ်လို ထွက်လို့မကုန် (ဆိုးတာက) ကျွန်တော့် မနိုင်မနင်းမှုတွေနဲ့ ပိုရှုပ်ကုန်ပါလိမ့်မယ်။ လူအတစ်ယောက် အိပ်မက်လိုပဲ သဘောထားလိုက်ပါ။

ကဗျာထဲက လူသားဟာ စိတ်လေ့ကျင့်ခန်း (meditation)တစ်ရပ်ကို ပြုမူနေခြင်းလော။ သူ ရရှိဖူးတဲ့၊ ရရှိလိုက်တဲ့ ထူးခြား အဖြစ်အပျက် (အရသာ) နဲ့ပတ်သက်ပြီး အပေါင်းအသင်း တစ်သိုက်ကို လက်တို့ထားပါသေးတယ်။ များသောအားဖြင့် သူ့ကဗျာတွေမှာ လေးနက်တဲ့ အတွေးအမြင်နဲ့ သူကဗျာရဲ့ အဓိပ္ပာယ်တွေက ယှဉ်တွဲနေလေ့ ရှိပေတယ်။

**စိတ်တွေကို အပုံလိုက် ဖြေချထားရတဲ့ အရသာဟာ**
**ဘာနဲ့မှမတူပါလား ကိုယ့်ဆရာတို့**

**(စာ- ၅၊ ၆)**

ဒီစာသား ဒီအသိတွေဟာ ဒီလူ (ဒီလူရဲ့စိတ်) ကို နှပ်ကြောင်းပေးရိုက်သွင်းလိုက်ခြင်းပါပဲ။ ပြောရရင်တော့ စိတ်တွေကို အပုံလိုက် ဖြေချထားရတဲ့ အရသာဟာ ဘာနဲ့မှမတူဘူးဟု ဆိုခြင်း ဖြစ်ပေတယ်။ အဲဒီအရသာမှာ သူ (လုံးဝ) တရိုက်မက်မက် ဖြစ်သွားပေခြင်းလော။ ရက်စက်လှတဲ့ အရသာကိုမှ အမဲလိုက်သလို လိုက်ခဲ့မိခြင်းပါ။ အဲဒီအရသာဟာ ရာမမင်းသားလိုက်တဲ့၊ အလိုရှိအပ်ခဲ့တဲ့ ရွှေသမင် ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ၄င်းအရသာ (သို့)

mgyoe.com

mgyoe.com

ဒီထက်ကောင်းတဲ့ အရသာဆီကို ရယူဖမ်းဆုပ်ဖို့ အားထုတ်ခြင်းလား။ ဒါ ဆိုတော့ဖြင့် အဲဒီအရသာကပဲ သူ့ရဲ့ အသက်ကို လိပ်ပြာ နှုတ်ထုတ်ယူသွားမယ့် သဘော တွေ့ရပါတယ်။ အဲဒီအရသာမျိုး နောက်ထပ်တစ်ကြိမ် ထပ်ရသွား သလား၊ မရဘူးလား ဆိုတာအတွက်တော့ ကဗျာက ရှေ့ဆက်မသွားတော့ဘူး။ နောက်ဆုံးပြောရရင် မီးသီးနေရာကနေ သူ လင်းပစ်လိုက်ရင်ဖြင့် အရင်အရ သာမျိုး ရကောင်းရပါလိမ့်မယ်။ ရချင်မှလည်း ရပါလိမ့်မယ်။ ဒီကိစ္စ မသေ ချာလှပါ။ ဒီမီးသီးနေရာက လင်းပစ်ဖို့ ဆိုတဲ့ အိပ်မက်ဆန်မှု ဝိုင်ယာစ အရှုပ်အထွေးများဟာ လူသားရဲ့ အပြုအမူ၊ ဖိနှိပ်သိုသိပ်ခံရမှုနဲ့ အဆက်အစပ် မသိစိတ်ရဲ့ အစထုတ်မှု တစ်ခုပေလား။ ဒါကလည်း အတွေးပွား စဉ်းစားစရာ။ နောက်တစ်ချက် ဒီမီးသီးက အထက်ပါ “ဘာနဲ့မှ မတူတဲ့ အရသာ”ကို ပြန်ညွှန်း၊ မညွှန်း၊ ပြန်ဆက်စပ်၊ မစပ်ကလည်း သေချာမှု မရှိပါ။

ကျွန်တော်တို့ စန်းဦးရဲ့ ကဗျာတွေကို ဖတ်မယ်ဆိုရင်တော့ သူ့ကဗျာ ထဲက စာသားများနဲ့တင် မလုံလောက်ဘူးလို့ ယူဆရပါတယ်။ သူ့ကဗျာထဲမှာ အဖြစ်အပျက်၊ အကြောင်းအရာ၊ အာဘော်တွေ ပါကောင်းပါနေပါလိမ့်မယ်။ သို့သော် တစ်ခါတစ်ခါမှာ ၄င်းအဖြစ်အပျက်များလည်း ဟုတ်ဟုတ်ဟန်ဟန် မတူပေ ဘူး။ ထူးခြားတာက သူ့ကဗျာစာသားတွေမှာ နိမိတ်ပုံများ ထည့်သွင်း သုံးစွဲ မထားသော်လည်း ကဗျာတစ်ပုဒ်လုံးကပင် နိမိတ်ပုံ အစုအဝေးကြီး အဖြစ် ရပ်တည်နေခြင်းလော။ ကဗျာထဲက အဓိပ္ပာယ် အရိပ်အကဲတွေဟာ သူ့စာသား များရဲ့ အပေါ်ယံကြောမှာ ရှိမနေပါဘူး။ အထက်မှာ ကျွန်တော် ပြောခဲ့သလို သူ့ကဗျာရဲ့ အဓိပ္ပာယ်တွေဟာ ကဗျာအတွင်းဘက်ပိုင်း အခန်းလို ထောင့်ကွေး တွေမှာ အပုံလိုက် ခွေကျနေတာမျိုးလည်း တွေ့ရတတ်ပါတယ်။ တစ်နည်း ပြောရရင် အတွင်းဘက်ပိုင်းမှာ အိမ်ဖွဲ့နေခြင်း ဖြစ်ပေတယ်။

စန်းဦးရဲ့ ကဗျာတွေဟာ ပေါ့ပါးသယောင်ဆောင်ပြီး လေးနက်တဲ့ အဓိပ္ပာယ်ရပ်များဆီသို့ တူးဆွနှိုက်ဝင်သွားတတ်လေတယ်လို့ ကျွန်တော် ပြောရင် ခင်ဗျားငြင်းမှာလား ကိုယ့်ဆရာ။

၂၀၁၁၊ နိုဝင်ဘာ၊ ရန်ကုန်သစ်မဂ္ဂဇင်း။

❒

mgyoe.com

mgyoe.com

## ဧဝင် Rhizome ဘီးရာ

ခေတ်ပြိုင်ကဗျာ အချို့ကို ချဉ်းကပ်တဲ့အခါ ကဗျာရဲ့ အကြောင်းအရာ၊ ပုံသဏ္ဌာန်၊ အဓိပ္ပာယ်ပြုမှုတွေထက် တင်ပြပုံတင်ပြနည်း (presentation) ကိုပဲ ဂရုပြုအာရုံစိုက်လာမိပါတယ်။ အခု နောက်ပိုင်း ခေတ်ပြိုင်ကဗျာတွေမှာ အဓိပ္ပာယ်တွေဟာ အမျိုးမျိုး ဖြာထွက်နေတဲ့အတွက် တရားသေ ဖမ်းဆုပ်ဖို့ ခက်ခဲလာပါတယ်။ ကဗျာရဲ့ တည်ဆောက်မှု၊ တည်ဆောက်မှု ပုံသဏ္ဌာန်ကို ပြန့်ကားအောင် တိုးချဲ့လာတဲ့ သဘောလား။ ဆင်ခြင်တုံတရားကို ဒီထက်ပို ချဲ့ထွင်မှု တစ်ရပ်အဖြစ်လည်း ယူဆနိုင်ပေတယ်။ ကျွန်တော်တို့ ကဗျာတစ်ပုဒ် ဆီသို့ သွားလိုက်ကြစို့။

### ဧဝင်ဘီးရာဧဝင်ဘီးရာ

သိုးထိန်း (အင်္ဂမ)

စည်း ဝါး မ ညီ ညာ မျက် နှာ ပြင် ပေါ် လ စီ အ ပြောင်း
အ လဲ ကျ ထူ မ လော က ခံ များ စွာ ကြေ ကွဲ နေ့ စဉ်
သ တင်း ဆိုး သွမ်း ဖောက် ဖျက် ပျက် ကျ ကျ န န ဖူး
ပေါ် ဆန်း ပြား ပြား ဝပ် ကျဉ်း မြောင်း များ ပြောင် ဘောင်
မ ဝင် လူ တို့ ခေတ် ကို ရောက် လာ ရ မည် မှာ မ လွဲ
ပါ လေ ရာ င ပိ ချက် ကျ လက် ကျ ခြေ ပန်း တွေ နဲ့

mgyoe.com

mgyoe.com

ဝေ နေ ယျ သု ခ ရောင်း လမ်း ဘေး ထိုင် ဘု ပြော ဆို
ဆုံး မ နောက် လိုက် ၍ မိုက် ဘက် တော် သား မ ယား
ကျေး မှု မွေး မှု မဲ့ မှတ် မဲ့ တဲ့ တည့် တိုး တော့ သ ကိုး
န ဝင်း သက် ပြင်း ရင် ရေ ရော ရော ယောင် ကိုင်း ကျွန်း
မှီ ကျွန်း ကိုင်း မိ ရာ ကား ရ ထား ရစ် ခဲ့ လေ သည်
လွန်း တဲ့ ဘီး ချေး သင့် ကြောင့် မီး လောင် မှု မ ဖြစ် စေ
လို ရာ ဆ နှ နှစ် လုံး ဝ ဝ ပြည့် အင် အား သည် ပြည်
တွင်း မှာ သာ သာ ယာ ယာ ရေ ခပ် လမ်း တစ် လျှောက်
ဆို ရေး သား ရေ ပေါ် အိပ် ရာ ဝင် ပုံ ပြင် ခ ဏ ပျက်
အ စဉ် အ လာ ကောင်း သော် လည်း အ ခါ နှောင်း အ
တိတ် ဆို အိတ် ပေါ် မှာ ရှာ သ ကာ ကို တွေ့ ကြုံ ဆုံ
ကွဲ ပြား ခြား နား ရည် ဝ မ ရှိ ဘဲ ဝိ လုပ် ချင် ရာ သည်
ရှိ သော် တာ ရောင် ခြည် ထိန် လင်း တော့ သည် တောင်
ကို မောင် ဘယ် လို ကျော် မယ် မယ် ရ ရ စား စား ပင်
သီး ပင် လယ် ရေ ငတ် မပြေ ရာ ပြေ ကြောင်း ကြောင့်
ကျိုး ဖြစ် လေ ရာ ဘုံ ဘ ဝ လေး လုံး ဆောင် သ ဥ္စာ
နန်း ထက် မှာ သည် ကြာ မည် မ လာ ပါ ပြီ တည် တည်
နေ ရာ နှင့် မ ဟုန် ကို တစ် ပြိုင် နက် မ သိ နိုင် ရာ ဖိ
ထောင်း လ မောင်း ကြေ မွ သွား သော တိမ် တိုက် ဆောက်
ကား စီး ပွား ကြီး ပွား များ အား ထုတ် ကုန် သွင်း ကုန်
ရ ကျိုး နပ် လှ သည် ၏ အိ စက် စက် တောင် ခေါ် ရာ
သီ စာ အုပ် စာ ပေ လူ့ မိတ် ဆွေ ကောင်း များ များ မြန်
မြန် ဆန် ဆန် လုပ် တပ် မ တော် တာ တော် တာ အ ပ
ထား တဲ့ အ တိုင်း နေ စေ တဲ့ အ တိုင်း ၍ ယက် တဲ့ ပ
ဏ္ဍ လာ မိုး ရွာ သည် ယုံ မြင် သည် ချို ထွင် လုံး ဖြန်း
လုံး ဝ ဥ သုံ မ ဘုတ် ဆုံ လည် ကု လား ထိုင် ပြီး မ
ထ ချင် သူ များ ဦး မှာ စိုး လို့ မိုး မိ တယ် ငါ လုပ် လိုက်
ရ သင်း တော့ ကွပ် ခံ စား ချက် မ ကြီး မ ငယ် ငယ် သ

mgyoe.com

mgyoe.com


မိး ကြိး တော့ ထီး ဖြူ ဆောင်း ဥ တု လို့ ခ ရု ခုန် အိုင်
လစ် ယူ ကောင်း ကောင်း နဲ့ လာ တဲ့ ကျောက် ရုပ် ပိုင်း
ဆိုင် ရာ စိတ် ပိုင်း ဆိုင် ရာ ပိုင် ရာ ပူ ဇော် ပ သ ဖန်း
ပိုး ထိုး ထိုး ထောင် ထောင် တန် ရာ စွန့် စား မယ် ကိုယ့်
ချစ် ရေ လိုက် ရဲ လား လူ ဆိုး လား လား မှ မ ဆိုင် သူ
ကိုယ် ဆီ ရှိ ပြီး သား ကောင်း သား မြတ် သော ရ တ
နာ (၃) နာ လည်း နာ နံ့ လည်း နံ့ ပါတ် စဉ် အ လိုက်
အ ထိုက် ကြည့် ပေါင်း သင်း ဆက် ဆံ ထုံး တော် ကြိး
တ မာ သီး ပွင့် ဝေ ဆာ လောင် မှု နဲ့ ရာ သီ ကပ် ဆိုး
ဝါး စွာ ထိ ခိုက် နိုင် လို မင်း ထက် ခြမ်း ကွဲ ကွာ သွား
ကြ တဲ့ ညီ အစ် ကို တွေ ငေး မှိုင် ဆွေး ရပ် သန်း ခြောက်
ထောင် ထား ခြား နား မ တူ မ တန် ခြောက် ရာ ကျ စ
ပါး စပ် က နတ် စ ကား ထွက် သက် ဝင် သက် ရောက်
မှု တိုင်း ဌ တန် ပြန် ပြောင်း တ သ မှ ဒွ ယ တြာ ကောင်း
က မင်း လောင်း လိုက် ရှုံး လိုက် လေ ပြေး လေ ပြေ ငယ်
သုတ် ပါ လို့ ရွှေ ဘုတ် ကယ် ပါ သူ တောင်း စား တာ
လည်း စား စည်း ခတ် ထား ဒါ အ တွင်း စည်း အ ပြင်
စည်း မ ညီ ညာ

ဒီကဗျာကို (Penskool pdf poetry # 1)မှ ထုတ်နုတ်ကူးယူ ဖော်ပြလိုက်တာ ဖြစ်ပါတယ်။ ကဗျာမှာ ခေါင်းစဉ်ဆိုတာကိုက စိတ်ဝင်စားစရာပါ။ 'ဇဝင်ဘီးရာဇဝင်ဘီးရာ'။ 'ဇဝင်ဘီး' ဆိုတာ မြန်မာအသုံးအနှုန်းမှာ မရှိပါဘူး။ 'ရာဇဝင်' 'ဘီး' ဆိုတာပဲ ရှိပါတယ်။ အရှေ့မှာ စာလုံးတစ်လုံး ပြုတ်ထွက်ကျန်နေခဲ့လို့လား။ စဉ်းစားစရာ။ ဒါပေမယ့် ဘီးဆိုတာကြီးက ဆင်ခြင်မှုရဲ့ သဲလွန်စ ကောက်ကြောင်း တစ်စပါ။ ဘီးဆိုတာ လည်နေတဲ့ စက်ဝန်း တစ်ခု။ ဒီနေရာမှာ အခုက ဘီးကို ထပ်လှည့်လိုက်ရင် 'ဝင်ဘီးရာဇဝင်ဘီးရာဇ' ဆိုရင်ရော၊ ထပ်လှည့် 'ဘီးဇရာဝင်–ဘီးဇရာဝင်'လည်း ဖြစ်နိုင်တာပဲ။ အဝန်းအဝိုင်း တစ်ခုလို့ပဲ မှတ်ယူရပါမယ်။

ကဗျာကို သတိထားကြည့်မိရင် အလွန်လှပမြိုင်ဆိုင်တဲ့ ပုံသဏ္ဌာန်နဲ့ ဖွဲ့စည်းမှု တစ်ရပ်အဖြစ် မြင်တွေ့နိုင်ပါတယ်။ စကားလုံး Font ကစားပုံ။

mgyoe.com

mgyoe.com

အဆိုပါ Fontလေးတွေမှာ တကယ်တမ်း လှုပ်ရှားနေသလို မြင်မိပါတယ်။ အတော်လေး ဆွဲဆောင်မှုရှိတဲ့ ပုံသဏ္ဌာန် တစ်ရပ်ပါ။ တစ်ခုပြောချင်တာက ခေတ်ပြိုင်ကဗျာများကို ဖတ်ရှုကြတဲ့အခါ ခေတ်ပေါ် (ပင်မရေစီး) တုန်းက သုံးဆောင်စီးနင်းလာတဲ့ ခြေနင်း ဖိနပ်တွေကို အတွင်းထိ ယူဆောင်မလာဘဲ အပြင်မှာ ချွတ်ခဲ့လိုက်ဖို့ မှာချင်ပါတယ်။ အထူးသဖြင့် အဓိပ္ပာယ်ကို (တရားသေ) အနက်ကောက်ယူဖို့ ရောက်ရှိလာခဲ့မယ်ဆိုရင်တော့ ၎င်းဦးတည်ချက်ကို ဒီနေရာမှာပဲ တန့်လိုက်ဖို့ တစ်ဆက်တည်း ပြောချင်ပါတယ်။

ဒီကဗျာမှာ စကားလုံးတစ်လုံးနဲ့ တစ်လုံးကြားမှာ Spaceတွေလည်း ချန်ထားတယ်။ ပုတီးကုံး တစ်ခုနဲ့ပင် တူသေးရဲ့။ Fontလေးတွေ ပြေးနေပုံကို အသေအချာ ဖမ်းပါ။ ဥပမာဆိုပါတော့ 'နည်းပညာဆိုင်ရာ အခင်းအကျင်း' ဆိုတဲ့ စကားလုံးစုရပ် တစ်ခုမှာ ၎င်းကို တစ်လုံးကျော်စီ ဖြုတ်ပယ်လိုက်ရင် 'နည်းညာရာခင်းကျင်း' ဆိုတဲ့ သဘောမျိုး ဖြစ်သွားပါလိမ့်မယ်။ ဒီကဗျာကလည်း ဒီပုံစံ၊ ဒီသဏ္ဌာန်နဲ့ ပြုလုပ်ဖွဲ့စည်း တည်ဆောက်ထားတာလား။ စဉ်းစားစရာ။ ပို့စ်မော်ဒန်ဆရာတွေပြောတဲ့ "တိုင်းတာစရာ၊ ခိုင်းနှိုင်းစရာ၊ အသိပညာအတွက် ပုံစံသေနည်းစနစ် ဆိုတာ မရှိပါဘူး။ ပို့စ်မော်ဒန် ကမ္ဘာဟာ စဉ်ဆက်မပြတ် ပြောင်းလဲနေတဲ့ မြင်ပုံမြင်နည်းတွေ၊ ညီမျှခြင်း သဘောတရား ရှုပ်ထွေးလာမှုတွေ ကိုယ်စားပြုမှု စနစ် မခိုင်မာလာမှုတွေနဲ့အတူ ထူးခြားထင်ရှားတဲ့ လက္ခဏာရပ်တွေကို ဆောင်ယူလာပါတယ်။

ကဗျာထဲက လိုင်းတစ်လိုင်းကို ဥပမာ ဆွဲထုတ်ယူကြည့်လိုက်ပါစို့။

**" သက် ပြင်း ရင် ရေ ရော ရော ယောင် ကိုင်း ကျွန်း မှီ ကျွန်း မီ ရာ ကား ရာ ထား ရစ် ခဲ့ လေ လည်" (စာ-၆)**

'သက်ပြင်း' ဆိုတဲ့စကားစုနဲ့ 'ပြင်းရင်ရေရော' ဆိုတဲ့ စကားစုမှာ Overlapဖြစ်နေတာက 'ပြင်း'ဆိုတဲ့ စကားလုံးပါပဲ။ ထို့အတူ 'ရော ရော ယောင် ကိုင်း' နဲ့ 'ကိုင်း ကျွန်း မှီ ကျွန်း ကိုင်း မှီ' ဆိုတဲ့ စကားစုမှာ Overlapက 'ကိုင်း' ဆိုတဲ့ စကားလုံး ဖြစ်ပါတယ်။ ဒီလိုပဲ 'မှီ (မီ) ရာ ကား ရ ထား' နဲ့ 'ထား ရစ် ခဲ့ လေ သည်' မှာ ၎င်းစကားစု နှစ်ခုကို ပြန်ဆက်ထားတဲ့ 'ထား' 'ထားရစ်' တွေမှာလည်း အဓိပ္ပာယ်အသံ တစ်စုံတစ်ရာ ထွက်နေပြန်တယ်။ ရှေ့မှာလည်း အဓိပ္ပာယ် အသံတစ်ခု ရှိနှင့်နေပြီး

mgyoe.com

mgyoe.com


နောက်မှာလည်း အဓိပ္ပာယ် အသံတစ်ရပ် ထွက်နေပြန်တယ်။ ပြီးတော့ ၄င်း စကားစုကို ချိတ်ဆက်မိတဲ့နေရာ (ကွင်းဆက်) မှာလည်း နောက်ထပ် အဓိပ္ပာယ်အသံ တစ်ခုက အစို့၊ အညှောင့်၊ အတက်တစ်ခုလို ထိုးထွက်ပေါ် ပေါက်နေပြန်တော့ မခက်ပေဘူးလား။ ဦးခေါင်းနှစ်ဖက်နဲ့ မြွေကမှ ရှေ့သို့/ နောက်သို့လောက်သာ သွားနိုင်တာ။ ဒီလိုကဗျာမှာက ရှေ့သံရော/နောက် သံရော/ အလယ်သံပါ အဆစ် အဆစ် အပိုင်း အပိုင်းတွေနဲ့တည်ဆောက် ထားတဲ့ တစ်ကောင်အမြီး တစ်ကောင် ကိုက်ချီသွားနေတဲ့ (ကြွက်မြီးတန်း) ကဗျာတစ်ရပ်လို့ ပြောချင်ပါတယ်။ ဒီနေရာမှာ နောက်ထပ် ဥပမာပေးလို တာက ခွေးသွားစိတ် (စက်သွား) တွေကို ချိတ်ဆက်ဆွဲယူသွားတဲ့ ချိန်းကြိုး တစ်ခုလိုလည်း မြင်ယောင်နိုင်ပါတယ်။ စကားလုံး တစ်ဆစ်နဲ့ တစ်ဆစ်ကို ပြန်ပြီး (Context) လုပ်ဆောင်ပေးထားတယ်။ ဒါပေမဲ့ ဆက်သွယ်မှုကို ခေတ္တဖယ်ထုတ်လိုက်ရင် ရှေ့စကားစုနဲ့ နောက်စကားစုဟာ သီးခြားစီ ရပ် တည်သလို ဖြစ်နေပါတယ်။ ကဗျာဟာ (Texture)နဲ့ ရက်လုပ်ထားလေတော့ သာမန်ကဗျာဖတ်သူများအဖို့ ခေါင်းစားစရာသက်သက် ဖြစ်ကောင်း ဖြစ်နေ ပါလိမ့်မယ်။ (ဆရာ) ဇေယျာလင်းရဲ့ 'ဂျွန်အက်ရှ်ဘရီနိဒါန်း' စာအုပ်မှ စကားနဲ့ ကိုးကားပြောရရင်တော့ ဒီကဗျာကို ခင်ဗျား ဒီထက် ပိုသဘောပေါက် သွားလိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။

*''အက်ရှ်ဘရီရဲ့ ကဗျာတွေဟာ ဒဿနိကဗေဒပညာရှင် 'ဒီလု' (Deleuze)ရဲ့ သဘောနဲ့ ဆင်တူတယ်တဲ့။ Rhizomeဟာ သစ်ပင်မဟုတ် ပါဘူး။ သစ်ပင်မှာ ရေသောက်မြစ်ရှိပြီး ရေသောက်မြစ်ဟာ မြေကြီးထဲဝင် သွားလေ၊ သစ်ပင်ဟာ မြေပြင်ပေါ်မှာ ရှည်တက်ကြီးထွားလာလေဖြစ်ပြီး ထိပ်ဖျားမှာ အဆုံးသတ်သွားပါတယ်။ Rhizome ကတော့ ချင်း (ဂျင်း) လိုမျိုး ဖြစ်ပါတယ်။ မြေပေါ်မှာ အရွက်ရှိပေမယ့် ပင်စည်ဟာ မြေကြီးထဲမှာ ဖြစ်ပြီး အမြစ်ပွားတွေ၊ အမြစ်မြှာတွေ ရှိပါတယ်။ အဲဒီချင်းကို ကြိုက်တဲ့နေရာက ခုတ်ပိုင်းရင်လည်း အဲဒီခုတ်ပိုင်းစ တစ်ခုဆီက အမြစ်တွေ ပြန်ထွက်ပါတယ်။ အက်ရှ်ဘရီရဲ့ ကဗျာကို တစ်ပုဒ်လုံး ဖတ်ပြီး သစ်ပင်တစ်ပင်မျိုး ရရှိမယ်လို့ ယူဆလို့ မရပါဘူး။ Rhizomeရဲ့ သဘောဖြစ်တဲ့အတွက် ပါဒတိုင်း၊ အပိုဒ် တိုင်းဟာ ချင်းလို သူ့ဘာသာသူ အမြစ်တွေ ထွက်လာနိုင်တဲ့ အစိတ်အပိုင်း*

mgyoe.com

mgyoe.com

*တွေ ဖြစ်ပါတယ်။ အဲဒါကြောင့်လည်း တစ်ခုတည်းသော ညီညွတ်သော အဓိပ္ပာယ် တစ်ခုခုကို မရရှိနိုင်တာ ဖြစ်ပါတယ်။ အထူးသဖြင့် သစ်ပင်ကဗျာမျိုးနဲ့ပဲ ရင်းနှီးတဲ့ကဗျာဖတ်သူဟာ Rhizomeကဗျာမျိုးနဲ့ ကြုံတွေ့ရတဲ့အခါ စိတ်လေသွားတာလည်း ဖြစ်နိုင်ပါတယ်"*

ကဗျာထဲက နောက်ထပ်တစ်လိုင်းကို ထပ်မံ ဆွဲထုတ်ကြည့်ကြဦးစို့ရဲ့။ ဒီမှာ ကျွန်တော်တို့ သတိထားရမှာက ကဗျာရဲ့ လိုင်းတွေမှာ (text)တွေနဲ့၊ (overlap) ဖြစ်မှု၊ ဆက်ယှက်မှုတွေကို သတိထားကြည့်လိုက်ပါ။ ပြီးတော့ ရက်ရက်စက်စက် ပြောရကြေးဆိုရင် ရှေ့စကားလုံးနဲ့ ဖိနှောက်ကို နောက်စကားလုံးက လိုက်နင်းပြီး လောင်ကျွမ်းတောက်ပနေတဲ့ ကဗျာအစဉ်တန်းမှုပြတစ်ရပ်ဆိုရင် ဘယ်နှယ့်လဲ။

**"လိုက် လေ ပြေး လေ ပြေ ငယ် သုတ် ပါ လို့ ရွှေ ဘုတ် ကယ် ပါ သူ တောင်း စား တာ လည်း စား စည်း" (စာ- ၂၇၊ ၂၈)**

လိုက်လေပြေးလေ/ လေပြေငယ်သုတ်ပါလို့/ ရွှေဘုတ်ကယ်/ကယ်ပါ/ ကယ်ပါသူတောင်းစား/ တောင်းစားတာလည်းစား/ စည်းခတ်ထား/ ခတ်ထားဒါ/ ဒါအတွင်းစည်း အပြင်စည်း/ စည်းအပြင်စည်းဝါး/ စည်းဝါးမရှိ/ မညီမညာ/ ကဗျာကပြီးပြီလား။ ပြီးသွားရင် (ကဗျာ) ဆုံးသွားရင် ကျေးဇူးပြုပြီး ကဗျာရဲ့ အပေါ်ဆုံးလိုင်း (ပထမ) ကို ပြန်တက်ဘီး (သို့) ရာဇဝင်ဘီးကို နောက်တစ်ပတ် ပြန်လှည့်/ ပြန်လှည့်။ ဒီသံသရာ၊ နောက်သံသရာ၊ နောက်ကမ္ဘာ၊ နောက်၊ နောက်ကမ္ဘာတွေဆီ အဆက်မပြတ်လှည့်၊ တစ်ပတ်လည်သွားရင် ပြန်လှည့်၊ နောက်ထပ်၊ နောက်ထပ် ထပ်ထပ်လှည့်၊ လှည့်သွားလိုက်ပါ။ စကားတတ်တဲ့ သူ၊ အပြောကြွယ်၊ အရေးကြွယ်သူများဆိုရင်တော့ ဒီကဗျာကို ဒီထက် ပိုပြောနိုင်ပါလိမ့်မယ်။ ပြောစရာ အကြောင်းတွေလည်း ရှိပါသေးတယ်။ ကျွန်တော့်အနေနဲ့တော့ ဒီမျှလောက်သာ စွမ်းပါတယ်။

လူ့အဖွဲ့အစည်းကြီးအတွင်း နည်းပညာ အသစ်အဆန်းတွေဟာ တစ်ဟုန်ထိုး တိုးတက်လာမှုကိုလိုက်ပြီး လူတွေ (ကဗျာဆရာ) ရဲ့ ရှုမြင်ချက်၊ နည်းပညာ လက္ခဏာရပ်တွေဟာ ထွေပြားများပြောင်းလာပေတယ်။ မြင်ပုံမြင်နည်းအသစ်၊ တည်ဆောက်မှုအသစ်၊ အရေးအသားအသစ်များနဲ့ ရာဇဝင်ဘီးရာတွေဟာ အပြန်အလှန် ဆက်စပ်ပေါင်းကူး သရုပ်သကန် ဖော်ပြချက်

mgyoe.com

mgyoe.com


တွေကို ဖြစ်လာစေပါတယ်။ ဒါကြောင့် ‘ဇဝင်ဘီးရာဇဝင်ဘီးရာ’ ကဲ့သို့သော ခေတ်ပြိုင်ကဗျာ တစ်ပုဒ်ဟာ ယနေ့ခေတ်ပြိုင်လောကဗေဒအတွင်း ရှုပ်ထွေးမှု၊ ပြန့်ကြဲမှု၊ နက်ရှိုင်းမှု၊ ကျယ်ပြန့်မှု၊ ပတ်သက်မှု အခင်းအကျင်း ဖွယ်ဖွယ်ရာရာ များနဲ့ အတူ တစ်ဆက်တည်း အလှတရား (အလှစာတ်) ကိုပါ ဆောင်ကြဉ်း သယ်ယူလာတဲ့ အမှုအရာ တချို့ကို ကဗျာထဲမှာ ခင်ဗျားလည်း တွေ့လိုက်ပါစ၊ တွေ့ပါစ။

၂၀၁၁၊ ဇန်နဝါရီ၊ နွယ်နီမဂ္ဂဇင်း။

❑

mgyoe.com

mgyoe.com

## ကျောက်တုံးပူပူပေါ်က ကဗျာများ

မောင်ဖီလာရဲ့ ကဗျာတွေမှာ surrealism အရေးအဖွဲ့များနဲ့အတူ နောက်ထပ် ထူးခြားတာ တစ်ခုက ကဗျာဖတ်သူတွေရဲ့ အာရုံရုပ်ကို ထိရှကွဲ အပ်သွားစေတဲ့ စိမ်းဖန့်ဖန့် ကွဲရှရှနိမိတ်ပုံ စာသားများပဲ ဖြစ်ပါတယ်။ ဆူရီယလ်သမားတွေ အလိုအရတော့ ကျဉ်းမြောင်းတဲ့ သိစိတ်ကို ချဲ့ထွင်ခြင်း အမှုလို့ ပြောရမှာဖြစ်သလို အိပ်မက်လောကနဲ့ ပကတိ ပြင်ပလောကတို့ ကူးလူးမှုလို့လည်း ဆိုရပါမယ်။ ယုတ္တိဗေဒကို တရားသေ ကိုင်စွဲပြီး ညီညွတ်မှု မရှိ သဘာဝမကျတဲ့ အပြတွေဟု ထုချေလို့ ရကောင်းရနိုင်ပါတယ်။ ဘာပဲပြောပြော မသိစိတ်က လာရောက် ဆက်သွယ်ရခြင်း အကြောင်းရပ်ကတော့ စိတ်ဝင်စားစရာ ဖြစ်မိတယ်။ အောက်မှာ ဖော်ပြလိုက်တာကတော့ မောင်ဖီလာရဲ့ ကဗျာ စာသားတချို့ ဖြစ်ပါတယ်။

အူတွေကိုရှန်းကန်စေတဲ့ ပေါင်မုန့်မီးကင်နဲ့
လျှာဟာ အရင်းကနေပြတ်ပြီး
ပါးစပ်ထဲကနေ ငါးရံ့တစ်ကောင်လို ခုန်ထွက်သွားတယ်။

ဘိုဟီးမီးယန်း (၂)

ချောင်ပိတ်ခံထားရတဲ့ ခွေးတစ်ကောင်ဆီက
မောင်းချခလုတ်ဖွင့်သံလိုမျိုး ထွက်လာတယ်

ခြေရာ လက်ရာ (၂)

mgyoe.com

mgyoe.com


အပြင်မှာ ခုတ်ထစ်ခံထားရတဲ့ လေဟာ
အပိုင်းပိုင်း အပြတ်ပြတ်တိုက်ခတ်နေ

**ကျောက်တုံးပူပူပေါ်မှာ**

ပန်းခင်းကြီး တစ်ခုလုံး မျက်လုံးထဲဝင်ပြီး ခုန်ပေါက်နေသလိုပေါ့

**အချစ် (၆)**

သူ့ရဲ့ တစ်ကိုယ်ရည် နာကျင်မှုများကို ကျော်လွန်ပြီး စူးထွက်လာတဲ့ အခြင်းအရာများဟု ဆိုရမလားပဲ။ သူ့အကြောင်းတွေဟာ သူ့ကဗျာတွေဖြစ်ပြီး သူ့ကဗျာများရဲ့ ခလုတ်တွေကို ဖွင့်လိုက်တိုင်း တခြားသူတို့ရဲ့ ရေပိုက်ခေါင်းတွေကနေ မီးညွန့်တွေ ပန်းထွက်လာတယ်။ ပိုက်ဆံမရှိတော့တဲ့အခါ ကောင်မလေး တစ်ယောက်က အညစ်အကြေးလို သူ့ကို လှမ်းကြည့်တယ်ဆိုတာက သူ့ဘက်က တစ်ဖက်သတ် အမြင်လည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ သူ့ရဲ့ အတွေးတွေဟာ သူ့ရဲ့ နောက်ထပ် other မောင်ဖီလာ တစ်ဦး ဖြစ်ပါတယ်။ ဝေဒနာတွေကို ပြေပျောက်ဖို့ နောက်ထပ် ဝေဒနာတစ်ခုနဲ့ တွန်းရွေ့ကြည့်တဲ့အခါ ဝေဒနာတစ်ခုအနေနဲ့ ပျောက်သွားပါလိမ့်မယ်။ ဒါပေမယ့် နောက်ထပ် ဝေဒနာအသစ် တစ်ခု ထပ်ရောက်လာတာက သူ့ရဲ့ ကဗျာတွေပါပဲ။ တစ်ခါတစ်ခါ ဗန်ဂိုး မာယာကော့ဖ်စကီး ကတ်ကိုပိန်းတို့ရဲ့ ကတ်တလောက်တွေကလည်း သေပုံသေနည်းလမ်းညွှန် ခဏခဏ လှန်လှောကြည့်မိတဲ့ သူ့အတွက် အားကျစရာ ကျမ်းစာအုပ်ကြီး တစ်အုပ်ပါပဲ။

*

မောင်ဖီလာရဲ့ ကဗျာတချို့မှာ တွေ့ရတာက အားကောင်းစေတဲ့ စိတ်ကူး အယူအဆ တစ်ခုကို မဏ္ဍိုင်ပြုပြီး ကျန်တဲ့ ဖြည့်ဆည်းမှုတွေအဖြစ် ယုတ္တိသဘော ဆင်ခြင်ခြင်း ကင်းကွာမှု၊ ဟက်တက်ကွဲရှနေတဲ့ နိမိတ်ပုံလှပတဲ့ အတွေးခြယ်မှုန်းမှု၊ သိမ်မွေ့စွာ ယှိုးစွပ်ထားတဲ့ အဖွဲ့အနွဲ့ ရှိမန့်ဆန်တဲ့ ကွေးညွှတ်မှုများနဲ့ ရောယှက်ပြီး ကျယ်ပြန့်စွာ တည်ဆောက်တတ်သူပါ။

ဝက်သတ်သမားရဲ့ ဓားလို 'မြ' နေအောင် 'သ' ခဲ့ရတယ်/ ဗန်ဂိုးဟာ သူ့ပန်းချီကားတွေကို 'သ'ဖို့/ ပန်းရန့်ဆရာက (သူ့) သံလျက်နဲ့ 'သ'

mgyoe.com

နေသလို/ ဆံ 'သ' ဆရာက… အပြီးသတ် 'သ' နေသလို/ လက်
သမား ဆရာက 'ရွှေပေါ်' နဲ့ 'သ'/ အူသံကို 'သ'ခဲ့သလို/ ဂေါ်ဂင်
က 'သ' ခဲ့သလို/နပိုလီယံက သူ့စစ်တပ်ကို 'သ' ခဲ့သလို…
မအောင်မြင်သောတေးသွား… ကဗျာမှ

ပန်းပွင့်တွေ ကြဲချထားသလို ထိုင်နေတယ်/ ပြန်ပြောင်းစဉ်းစားရင်း/
သူ ထိုင်နေတယ်/ ကျီးတစ်ကောင် အသားတစ်စ်ကို ထိုးသုတ်သွားသလို/
သူ ထိုင်နေတယ်/ သွေးတွေ ပန်းထွက်နေသလို/ သူ ထိုင်နေတယ်/
မြစ်ကမ်းနဘေးမှာ/ သူဝင်ထိုင်နေရင်း
မြစ်ကမ်းနံဘေးမှာ (၂) ကဗျာမှ

စာမျက်နှာတွေကို တစ်ရွက်ချင်း တစ်ရွက်ချင်း ဆွဲလှန်သွားသလို အားကောင်းတဲ့ အပြိုင် ဝါကျတွေနဲ့ အမျိုးမျိုးသော ပုံစံအထွေထွေကို တွေ့ရမှာ ဖြစ်ပါတယ်။ သူ့ရဲ့ စိတ်ကူးတွေဟာ သူ့ရဲ့ အရေးအသားတွေဖြစ်ပြီး အဲဒီကတစ်ဆင့် တင်စားမှု လူမှုရေး အလေ့အထများကို တွေ့မြင်ရမှာလည်း ဖြစ်ပါတယ်။ သူ ဖတ်ခဲ့ဖူးတဲ့ စာတွေ ရုပ်ရှင်တွေ သူကျိတ်ပြီး ခိုက်ခဲ့တဲ့ လူပုဂ္ဂိုလ်တွေရဲ့ အလေ့အကျင့် အယူအဆတွေရဲ့ လွှမ်းမိုးမှုတွေကို တတ်နိုင်သလောက် ဖယ်ရှားရင်း တစ်ဖက်ကလည်း မသိစိတ်ရဲ့ ဆက်နွယ်မှုတွေက ပြန်လည်ရိုက်သွင်းလိုက်နဲ့ သူ့ရဲ့ တစ်ကိုယ်ရည် အကျုပ်အတည်းမှာ သူ့အတွက် ခဲရာခဲဆစ် တည်ဆောက်ထားပုံ ရပါတယ်။ ပုဂ္ဂလဓမ္မနဲ့ အိပ်မက်လောကကြားမှာ သူ့ကဗျာတွေရဲ့ သွားကြိတ်သံတွေကို ကျွန်တော်တို့ အတိုင်းသား ကြားနေကြရပါတယ်။ ပြောစရာရှိတဲ့ သူ့ကဗျာမှာ နောက်ထပ် တစ်ချက်က–

ပန်းပွင့်တွေ ကြဲချထားသလို သူ ထိုင်နေတယ်
ကျီးကန်း တစ်ကောင် အသားတစ်စ်ကို ထိုးသုတ်သွားသလို/
သူ ထိုင်နေတယ်
သွေးတွေ ပန်းထွက်နေသလို/ သူ ထိုင်နေတယ်

စာသား တစ်ခုနဲ့တစ်ခုကြား အဓိပ္ပာယ် အဆက်အစပ် Gap 'အဟာ' တွေပဲ ဖြစ်ပါတယ်။ ယုတ္တိသဘောအရ ပြည့်စုံညီညွှတ်ခြင်းတွေရဲ့ သွေဖယ်မှု

mgyoe.com

mgyoe.com


လို့ ဆိုရပါမယ်။ အနုပညာ ဖန်တီးသူအတွက် စိတ်ရဲ့ နက်ရှိုင်းမှု အတွင်းပိုင်းဆီက တိုးထွက်လာတဲ့ အဖြစ်သနစ်တွေဟာ အနိဋ္ဌာရုံတွေလည်း ဖြစ်ကောင်းဖြစ်မယ်။ မသိစိတ်ရဲ့ ညှိနံ့တွေလည်း ဖြစ်လာနိုင်တယ်။ (အဓိပ္ပာယ်ပျက်တောက်) ဝေးကွာလွန်းတဲ့ တင်စားမှုသဘော မရင်းနှီးတဲ့ အဓိပ္ပာယ်တွေတစ်ဖြစ်လဲ တွေ့ရလာနိုင်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ နေ့စဉ်ဖြတ်သန်း သုံးစွဲနေကြတဲ့ လူ့အဖွဲ့အစည်းရဲ့ ကိုင်စွဲတဲ့ 'စံ' တွေနဲ့ တိုက်ဆိုင်စစ်ဆေးကြည့်တဲ့အခါ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်သွားနိုင်ပါတယ်။ သို့ပင်သို့ငြားသော်လည်း ဒါတွေကို အနုပညာရှင်တွေအနေနဲ့ ရေးသားဖန်တီးတည်ဆောက်နေသလို တစ်ဖက်ကလည်း အပြုသဘော ဝေဖန်/လက်ခံ/ဖယ်ထုတ်တာတွေလည်း အမျိုးမျိုး ကြုံတွေ့ရလေ့ ရှိပါတယ်။ ဥပမာ…အရပ်ထဲမှာ ပြောဆိုနေတဲ့ 'နှလုံးသားမှာ ဘုရားတည်' ဆိုတဲ့ စကားမျိုးကို လူမှုပတ်ဝန်းကျင်မှာ သုံးနှုန်းနေကြပြီး ဒါကိုလည်း အားလုံးက နားလည်စွာလက်ခံနေကြတာပဲ မဟုတ်လား။ အဲဒီမှာလည်း ဝေးကွာလွန်းတဲ့ အဓိပ္ပာယ်နှစ်ခုရဲ့ စာသား အဆက်အစပ် တင်စားမှုမှာ ယုတ္တိသဘောအရ သွေဖည်နေတာပဲ မဟုတ်လား။ အနုပညာဟာ ယိမ်းသမတွေလို အရန်မီးသတ် တပ်ဖွဲ့လို တူညီဝတ်စုံ တူညီခြေလှမ်းတွေနဲ့ 'ညီညာဖျဖျ ဆုံးမနာယူ' အလုံးစုံ ညီညွတ်စေရန် ပြဋ္ဌာန်းခံ ယုတ္တိသားကောင်တွေလည်း မဟုတ်တော့ ခက်ပ!

*

## စနက်တံက လမ်းပေါ်မှာ

နေရောင်ခြည်က ဖန်ကွဲစတွေလို ကျနေတယ်
အဆုတ်ထဲ လင်းထိန်သွားအောင် ရှူသွင်းထည့်လိုက်မိတဲ့ ဖန်ကွဲစတွေ
ပျော်ဖို့ သီချင်းဆိုတာထက်
ပျော်လို့ သီချင်းဆိုတာ ပိုကောင်းသတဲ့
မီးလောင်နေတဲ့ သစ်သားချောင်း တစ်ချောင်းက
ငါ့ခေါင်းထဲ ငါးတစ်ကောင်လို လူးလာခေါက်တုံ့ ကူးခတ်နေတယ်
စက္ကန့်တံတွေက ငါ့အဆုပ်ထဲက ဖန်ကွဲစတွေကို
စာရွက်တွေလို တဖျပ်ဖျပ် လှန်နေတယ်

mgyoe.com

mgyoe.com

မိုလ်ချုပ်က မင်းချမ်းနေတာဟာ ငါ့ရဲ့ နိုင်ငံရေးတဲ့
သူ့ကုတ်အင်္ကျီကြီးကို
လမ်းဘေးက လူတစ်ယောက်ကို ချွတ်ပြီး ပေးလိုက်တယ်
စနက်တံဟာ လမ်းပေါ်မှာ လမ်းလျှောက်နေဆဲ
နေရောင်ခြည်ကလည်း ဖန်ကွဲစတွေလို ကျနေဆဲ။

မောင်ဖီလာ

လူစည်ကားတဲ့ လမ်းမပေါ်မှာ ဘဝရပ်တည် ရှင်သန်ရေးအတွက် လှုပ်ရှားနေကြတဲ့ လူသားတွေရဲ့ စိတ်နေပူပူတွေဟာ ကြွပ်ဆတ်နေကြတယ်။ အလွယ်တကူ ပေါက်ကွဲဖို့ အဆင်သင့် ဖြစ်နေကြတယ်။ အသက်ရှင်မှုနဲ့ သေဆုံးခြင်းရဲ့ကြားမှာ နံရံပါးပါးလေးပဲ ခြားထားတဲ့အတွက် အားလုံး ဘာမဆို ဖြစ်သွားနိုင်တဲ့ အခြေအနေ တစ်ခုပါ။ ကဗျာထဲမှာ တွဲစပ်ပေးလိုက်တဲ့ အတွဲအစပ် စာသား အဖွဲ့အနွဲ့များကို ကြည့်လိုက်ပါဦး။ သိပ်ပြီး သက်သက်သာသာ မရှိလှပေဘူး။ နေရောင်ခြည်က ဖန်ကွဲစတွေလို ကျနေပြီး/ အဲဒီမှန်ကွဲစတွေကို ခင်ဗျားတို့ ကျွန်တော်တို့က အဆုပ်ထဲ ရှူသွင်းရှူထုတ် လုပ်ပြီး အသက်ရှင် ရုန်းကန်နေကြတဲ့ ဘဝဇာတ်ခုံကြီးပါ။ ပျော်ရွှင်မှု ဆိုတာကလည်း စိတ်တထင့်ထင့် နောက်ဆံ ခပ်တင်းတင်းနဲ့ပါ။

ကဗျာရဲ့ အမြင့်ဆုံး ဇာတ်ထွတ် climax ကတော့ မီးလောင်နေတဲ့ သစ်သားချောင်း တစ်ချောင်းက ခေါင်းထဲမှာ ငါးတစ်ကောင်လို ဥဒဟို မွှေနှောက်နေတဲ့အတွက် စိတ်ထဲ ကသိကအောင့် ဖြစ်နေရတယ်။ အဲဒီစာသားက ကဗျာဖတ်သူတွေရဲ့ သွေးပေါင် pressureကို အမြင့်ဆုံးထိ မြင့်တက်သွားစေခဲ့ပါတယ်။ ဥပဒေစိုးမိုးမှုမရှိ ပေါက္ကရဝသသဆန်တဲ့ ဥပဒေ လွင်ပြင်ကြီးရဲ့ အလယ်မှာ အခွင့်ထူးခံ လူတန်းစား တချို့က သောင်းကျန်းချင်တိုင်း သောင်းကျန်းနေကြလေရဲ့။ အခြေခံ လူတန်းစားတွေရဲ့ ဆိုးဝါးတဲ့ စား၊ ဝတ်၊ နေရေး ဘဝရပ်တည်ဖို့အတွက် မပြေမလည်မှုတွေက နိုင်ငံရေး မတည်မငြိမ်မှုနဲ့ သွားတွေ့တဲ့အခါ ဆန္ဒဖော်ထုတ်မှု မေးခွန်းထုတ်မှုတွေနဲ့ မလွဲမသွေ ရင်ဆိုင်ရပါတော့တယ်။ ဒီနေရာမှာ နိုင်ငံရေးနဲ့ ပတ်သက်ပြီး မြောက်မြားလှစွာသော အစတွေ အစတွေထဲက အစတစ်စကို ဆွဲထုတ်ပြီး သမိုင်းတန်ဖိုး အဖြစ်

mgyoe.com

mgyoe.com


ကဗျာထဲမှာ ဖော်ပြသွားတာကို တွေ့ရပါတယ်။ တိုင်းပြည် ခေါင်းဆောင်မည့်သူရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု ကျပ်တည်းနေကြတဲ့ အောက်ခြေလူတန်းစားတွေရဲ့ အကြောင်းအရာတွေကိုပါ ထည့်သွင်းစဉ်းစား စာနာမှု အဖြေရှာတတ်မှု။ ဗိုလ်ချုပ်အောင်ဆန်း အကြော်သည် လင်မယားနဲ့ တွေ့ခဲ့တဲ့ ဖြစ်ရပ်မှန်လေးကို သမိုင်းတန်ဖိုးအဖြစ် ဖော်ပြသွားလေတယ်။ နိဂုံးနဲ့ နိဒါန်းကြား အလယ်တည့်တည့်မှာ ခင်ဗျားတို့ ကျွန်တော်တို့ ရောက်ရှိနေကြပါတယ်။ တစ်စုံတစ်ရာက အမြဲစောင့်ကြည့်၊ ချောင်းမြောင်းနေသလို လူသားတွေရဲ့ ကိုယ်စိတ်နှစ်ပါး မလုံခြုံမှု၊ ခြိမ်းခြောက်မှုလိုလို လျှော့ရဲလာတဲ့ လူ့ဘဝရပ်တည်မှု သံသယတွေဟာ ကမ္ဘာနဲ့အဝန်းမှာ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ တစ်သင်းနဲ့တစ်သင်း အုပ်စုဖွဲ့မှု ဘက်ပြိုင်မှု စတဲ့ ရပ်တည်ချက်တွေရဲ့ အဆုံးသတ်မှာတော့ ပဋိပက္ခအဖြစ် အသွင် ပြောင်းလဲသွားစေခဲ့ပါတယ်။

*

အထက်မှာ ကျွန်တော် ပြောခဲ့သလို မောင်ဖီလာရဲ့ ကဗျာ တစ်ချို့မှာ တွေ့ရတာက ရိုမန့်ဆန်တဲ့ ကွေးညွတ်မှု သိမ်မွေ့စွာ ယိုးစွပ်ထားတဲ့ အဖွဲ့အနွဲ့များ၊ အတွေးဆင့်ပွားသျှော်နှံ့များ နောက်ပြီး သူ့ကဗျာတွေဟာ သူ့အတ္တရဲ့ အစအနတွေဖြစ်ပြီး အဲဒီအစအနတွေဟာ အိပ်မက်ဆန်တဲ့ မသိစိတ်ရဲ့ ကြီးစိုးချယ်လှယ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ လွှမ်းမိုးမှုနဲ့ သူ့ကဗျာတွေကို အထမြောက်စေခဲ့သူလို့ ကျွန်တော်ကတော့ သမုတ်လိုက်ချင်ပါတယ်။

၂၀၁၆၊ ဇူလိုင်၊ ကြယ်စီးချင်းမဂ္ဂဇင်း။

❐

mgyoe.com

mgyoe.com

## ဆေးရုံနံရံပေါ်က ခြစ်ရာများ

(က)

ကဗျာဆရာ ကောက်နွယ်ကနောင်ဆိုတာ ၁၉၉၅/၂၀၀၀ ဝန်းကျင် နောက်ပိုင်း ရယ်စရာ ကဗျာခေတ်ကို အင်အားကောင်းစွာ တည်ဆောက်နိုင်ခဲ့ ဖူးသူ တစ်ယောက် ဖြစ်တယ်။ ကဗျာရေးလိုတဲ့ လူငယ်တသိုက်ကို အင်အား ကောင်းသော လှုံ့ဆော်မှုနဲ့အတူ မျှဝေခံစားဖို့ နေရာတစ်နေရာအတွက်ပါ ပေးစွမ်းကူညီပံ့ပိုးခဲ့သူလည်း ဖြစ်တယ်။ ကဗျာဖတ်လိုသူများ စောင့်ဖတ်ခဲ့ရတဲ့ မဂ္ဂဇင်းထဲမှာ ရယ်စရာ မဂ္ဂဇင်း ပါဝင်လာအောင် စွမ်းဆောင်နိုင်ခဲ့ပေတယ်။

ယခုကဗျာအပုဒ် (၃၀) ဖြင့် သူ့ရဲ့ တစ်ကိုယ်တော်လုံးချင်း စာအုပ်ကို ထပ်မံဖတ်ရှုခွင့်ရခဲ့တယ်။ သူ့ကဗျာတချို့မှာ ၂၀၁၅ ခု နှစ်ကုန်ခါနီးတစ်ဝိုက်က ဆေးရုံပေါ်က ကဗျာများ (သို့) ပူးတုံ့ခွာတုံ့ ဖြစ်နေပြီး စိတ်ခန္ဓာမှာ ပေါ်လာ တဲ့ ရေးခြစ်မှုဒဏ်ရာ ကောက်ကြောင်းများကို တည်ဆောက်ထားခြင်း ဖြစ် ပါတယ်။ ထိုကဗျာများနဲ့အတူ ၂၀၁၆ ခုနှစ်မှာရေးတဲ့ ကဗျာအသစ် တချို့ လည်း ပါဝင်လာတာကို တွေ့ရလေတယ်။

(ခ)

ဆေးရုံမှာ operationမခံယူမီ/ ခွဲစိတ်မှုခံယူပြီး သတိဝင်လာတိုင်း ဝင်လာတိုင်း သူ့ခန္ဓာမှာပေါ်လာတဲ့ နှိပ်စက်ကလူပြုမှုချက်တွေကို ကဗျာနဲ့ စောင့်ဖမ်း မှတ်တမ်းယူခဲ့ပုံရတယ်။ ဆေးရုံပေါ်မှာ သူတွေ့ကြုံခဲ့ရတဲ့ ဝေဒနာ အသိ ခြောက်ခြားမှုပုံရိပ်တွေ လင်းချည်မှိန်ချည်ဖြစ်နေတဲ့ အသက်ရှင်မှု

mgyoe.com

mgyoe.com


လိပ်ပြာ သူနဲ့ ပက်ပင်းကြုံဆုံခဲ့မှု မှတ်တမ်း သူ့ကဗျာတွေအတွက် ကျွန်တော်တို့ သံဝေဂယူမယ်ဆိုရင် ယူလို့ရပါတယ်။ အသက်ရှင်မှုနဲ့ သေဆုံးခြင်း မျဉ်းနှစ်ကြောင်းကြားမှာ ခေတ္တခဏရောက်လာတဲ့ ကျွန်တော်တို့အားလုံး ဧည့်သည်တွေပါ။

သူ့ရဲ့ ရုပ်ခန္ဓာမှာ ဖြစ်ပေါ်/ ပျောက်ဆုံးသွားနေတဲ့ သိမှုတွေကို အသေးစိတ် အနုစိတ် ဘာသာစကားနဲ့ အနုက်ပြန်ဖော် ပြထားခြင်းဖြစ်တယ်။ အဲဒီအတွက် ကျွန်တော်တို့ဟာ သူ့အပေါ် စာနာနိုင်ခဲ့တယ်။ ကိုယ်ချင်းစာခဲ့တယ်။ အဆက်အသွယ် လှမ်းပြုတယ်။ သူ့ရဲ့ ဆေးရုံကဗျာတွေကို ဖတ်ပြီး ကောက်နွယ်ကနောင်ဆိုတာ ကဗျာနဲ့ ထာဝရနေထိုင်သူ တစ်ယောက်ဆိုတာကို လက်ခံယုံကြည်သွားခဲ့ပါတယ်။ အကြောင်းကတော့ သေဆုံးခြင်းနဲ့ အနီးကပ်ဆုံးမှာရှိတဲ့ အချိန်မှာတောင် ဘာကိုမှ သတိမရဘဲ ကဗျာသတိပဋ္ဌာန်ကို စီးဖြန်းသွားခဲ့လို့ပါပဲ။ နောက်ပြီး ကဗျာစိတ်ရှိတဲ့ လူငယ်တသိုက်နဲ့ သီးသန့်ကမ္ဘာလေး တစ်ခု ဆောက်ပြီး လူငယ်စိတ်အပြည့်နဲ့ အသက်ရှင်ရပ်တည်နေတဲ့ ကဗျာဆရာ အဖိုးအို တစ်ယောက် ဖြစ်တယ်လို့ ပြောပြန်ရင်လည်း မှားအံ့မထင်။

ကဗျာဆရာ ကောက်နွယ်ကနောင်ရဲ့ ဖြတ်သန်းခဲ့ရတဲ့ခေတ်၊ ကြုံတွေ့ခဲ့ရတဲ့ အသက်ရှင်ရပ်တည်မှု၊ လောကဓံရဲ့ အထုအထောင်း ရိုက်ပုတ်တဲ့ ဒဏ်ရာဒဏ်ချက်တွေကြားမှာ သူ့ကဗျာတွေက ရင့်ကျက်မှု အခိုးအငွေ့တွေ အဖြစ် ကျွန်တော်တို့ကို ရှူရှိုက်မိစေခဲ့ပါတယ်။ သူ့ရဲ့ ဆေးရုံကဗျာတွေမှာ ထူးခြားဆန်းကျယ်တဲ့ နိမိတ်ပုံ၊ ဟန်ဆောင်ဖုံးကွယ် အသုံးတော်ခံထားတဲ့ မာယာများ စတဲ့ ထွေထွေထူးထူး သုံးနှုန်းထားတာမျိုး မတွေ့ရပေ။ ဒါပေမဲ့ ထိတ်လန့် ချောက်ချားမှုတွေမပါဘဲ သူ့ကဗျာတွေက ကဗျာဖတ်သူရဲ့ စိတ်အာရုံကို ထိတ်လန့် ချောက်ချားသွားစေခဲ့ပါတယ်။ ဒါကတော့ သူ့ရဲ့ ကဗျာဆရာ အတွေ့အကြုံနဲ့ ရင့်ကျက်မှု အဟုန်တွေကြောင့် ဖြစ်နိုင်ပါတယ်။

## (ဂ)

အိပ်မက်မဟုတ်တဲ့ အိပ်မက်ခင်းကြီးရဲ့ အလယ်မှာ သူမပိုင်တဲ့ အငှားခန္ဓာမြှောင်ကြီးကို ပြုပြင်ဖာထေးနေပုံက ဝပ်ရှော့ရောက် ကားပျက်ကြီး

mgyoe.com

mgyoe.com


တစ်စီးနဲ့ပင် တူပါသေးရဲ့။ အခု ပူလိုက်/အခုချမ်းသွားလိုက်/ ဝမ်းနည်းနေရာကနေ ရယ်ချင်သလို ဖြစ်လာပြန်ရော/ သူ့မျိုးဆက်ကို ချပေးခဲ့တဲ့ မြေးလေး မောင်ဘုန်းပြည့်သုတ/ စစ်အုပ်ချုပ်ရေး ယန္တရားအောက်က အပြီးအပိုင် လွတ်မြောက်လိုမှုတွေက စာရွက်တွေ တစ်ရွက်ချင်း ဆွဲလှန်သွားသလို တဖျပ်ဖျပ်၊ ဓာတ်ပုံတွေရိုက်သလို တဖျပ်ဖျပ် အသက်တွေ သေဆုံးသွားလို့ ဝိညာဉ်တွေ တဖျပ်ဖျပ်။

လောကကြီးမှာ ဝင်လာလိုက် ထွက်သွားလိုက်နဲ့ အကောင်းဆုံး ဥပမာတွေလိုချင်သလို ယူလို့ရတဲ့ သံဝေဂတရားတွေနဲ့ ပြည့်နှက်နေခဲ့ပေါ့။ လောကီမှာ မွေ့လျော်ချင်သေးတဲ့ ခင်ဗျားတို့ ကျွန်တော်တို့တွေအပေါ် ကောက်နွယ်ကနောင်ရဲ့ ဆေးရုံကဗျာတွေက ဦးနှောက်ခြောက်အောင် ဖန်တီးပြခဲ့လေသလား မပြောတတ်။ ဒီကဗျာစာအုပ်လေးထဲက…

- ခုန်တဲ့ဝိညာဉ်/တဖျပ်ဖျပ်
- အပြန် အပြန်လားကွယ်
- ကျွန်တော်တို့ မင်းသမီးလေး လာပြီလား ကဗျာလေးတွေကို အချိန်ရရင် ဖတ်စေချင်တယ်။ မူလအဓိပ္ပာယ်ကနေ ဂယက်အနက်တွေ ဖြာထွက်ကျန်ခဲ့မယ့် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်အသံတွေနဲ့ ကဗျာလေးတွေလို့ ပြောလို့ရပါတယ်။ လူ့ဘဝရရှိမှုနဲ့အတူ တစ်ပြိုင်နက်တည်း ဖောက်ပြန်မှု၊ ယိုယွင်းပျက်စီးမှု ပြန်လည်ကုစားမှု စတဲ့ အသက်ငင်လိုသေးတဲ့ လက်ကျန်ဘဝတွေအတွက် လူနာဆောင် ကဗျာလေးက ဆရာကောက်နွယ်ကို ကောက်နွယ် ကနောင်က ပြန်လည် နှစ်သိမ့်ပေးခဲ့ပုံရတယ်။

### လူနာဆောင်

သားနဲ့သမီးတွေ အဖေနဲ့အမေတွေ
ဆွေဆွေမျိုးမျိုး လင်နဲ့မယားချစ်ခြင်းတွေ
ကြင်နာမှုတွေ မေတ္တာတွေဝေ
အပြည့်အဝရှိတဲ့နေရာ
မရှုံမရှာ ဖေးမယုယပြုစုကြ
ဒီမိသားစုထဲက

mgyoe.com

mgyoe.com


ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှ
စွန့်ခွာဝေးလွင့်သွားမှာကို မလိုလားကြဘူး။

ကောက်နွယ်ကနောင်

(ဃ)

ဆရာကောက်နွယ်ရဲ့ စာအုပ်ပါ ကဗျာလေးတွေကို ဖတ်ကြည့်ရင်း ကျွန်တော် မြင်မိတာက ကဗျာဖတ်သူတွေရဲ့ စက္ခုအာရုံကို မှတ်ထင်စေတဲ့ အပြသဘောတွေ၊ ကဗျာဖတ်ရင်း နားထဲမှာ ကြားနေရတဲ့ သိကြားမှူ ပုံဆောင် နိမိတ်တွေ၊ ကဗျာဖတ်သူရဲ့ စေတသိတ်ကို ရှူရှိုက်မိစေတဲ့ ရနံ့သဘော ဖြစ်စဉ်ပြ တချို့တစ်ဝက်ကို ဆွဲထုတ်ကြည့်မိတယ်။

ကျင်ချောင်းထဲ ဆီးပိုက်တွေ တန်းလန်း ထိုးထည့်ထားတုန်းက
ဆီးလမ်းကြောင်း အဝေးပြေးလမ်း ချဲ့ဖောက် တစ်ဆို့တစ်ဆို့နာ

(ရောဂါဆန်း)

ကျွန်တော်တို့ကလည်း ဝေဒနာတွေ ခံစားရင်း
ဆေးရုံထောင့်မှာ ငြီးငွေ့နေပေါ့

(ကျွန်တော်တို့ မင်းသမီးလေးလာပြီလား)

လူနာတင်လှည်းဘီးတွေ ရွှေ့လျား တဖျပ်ဖျပ်

(တဖျပ်ဖျပ်)

ကြက်သွေးရောင်လုံချည်/ခြေဖျားခတ်တဖျဉ်းဖျဉ်း

(ကျွန်တော်တို့မင်းသမီးလေးလာပြီလား)

မြို့အဝင် ခြောက်ဆူဘုရားက ဆည်းလည်းသံများ

(ငါ့မျက်ရည်)

နူးအိချိုမွေး သနပ်ခါးအဖွေးသား ငါ့ကို မေ့မျောသွားစေမှာလား

(ဆေးရုံ ၂)

mgyoe.com

mgyoe.com


ငါ့လျှာ အာခေါင် ပူလောင်သဲကန္တာရ
သစ်ရွက်ဝါနွမ်းတွေ နေရောင်ထိလိုက်တာနဲ့
မီးထတောက်လုမတတ် ချောက်ချားဖွယ်ရာ

(အိပ်မက်ခန္တာ)

စတဲ့ ကဗျာရေးသူ သွယ်တန်းပေးလိုက်တဲ့ မီးအလင်းဗိုအားအတိုင်း ကျွန်တော်တို့ ကဗျာဖတ်သူတွေဆီ အကုန်အစင် ရောက်ရှိခဲ့တယ်လို့ ဆိုရပါမယ်။ တစ်ချိန်က ညီမလေးရဲ့ ဆံပင်မျှား မိုးသားတိမ်ဖြူဖြူထဲ လွင့်ပါသွားတဲ့ ညီမလေးရဲ့ လက်ကိုင်ပဝါလေးကို ထားပစ်ခဲ့တယ်။ ရင်ထဲမှတ်သိပ် ရင်ခုန်စိတ်နဲ့ မှုန်ပြာရီဆောင်းက ဟန်ဆောင်မှုကောင်းတဲ့ အချစ်စိတ်နုနုလေးကို ထားပစ်ခဲ့တယ်။ တညောင်ညောင်နဲ့ ခြေသလုံးကို ပွတ်သပ် ပေါင်သားဖြူဖြူ စကတ်ခွဲထားတဲ့ ကြောင်နက်ပြာမလေးကို ထားပစ်ခဲ့တယ်။ အသေအချာ ထားပစ်ခဲ့တယ်။

(င)

နောက်ဆုံးအနေနဲ့ ပြောချင်တာက သူ့ရဲ့ဆေးရုံပေါ်က ကဗျာလေးတွေက ကဗျာဖတ်သူတွေအတွက် ဘွင်းဘွင်းနဲ့ရှင်းရှင်း အဓိပ္ပာယ်တွေ အပြည့်အဝ ရရှိအောင် ပြုမူစီမံထားပါတယ်။ တစ်ကြောင်းချင်း ဖတ်ရှုလို့ရသလို တစ်ပုဒ်လုံး ခြုံငုံဖတ်မယ်ဆိုလည်း မူလအဓိပ္ပာယ်တွေဆီကနေ သွေဖည်သွားမယ် မထင်ပါဘူး။ သူ့ကဗျာတွေကို ဖတ်ရှုနေရင်း စဉ်းစားမိတာက သူ့အသက်အရွယ်လောက်အထိ ကျွန်တော် အသက်ရှင်နိုင်ပါ့မလား။ အသက်ရှင်မယ်ဆိုရင်တောင် သူ့လို ရင့်ကျက်မှု အတွေ့အကြုံ အချိန်အဆတွေအတိုင်း သေခြင်းတရားနဲ့ နဖူးတွေ့ဒူးတွေ့မှာ တည်တည်ငြိမ်ငြိမ်နဲ့ တုန်လှုပ်မှု လျော့နည်းစွာ ရင်ဆိုင်နိုင်ပါ့မလား။

ကျွန်တော် အများကြီး ကြိုးစားရပါဦးမယ်။

၂၀၁၆၊ ဇူလိုင်။

❒

mgyoe.com

mgyoe.com

# တက်ပူး Taboo အစုတ်ကြီးနဲ့ စွတ်မောင်းနေတဲ့ ကားတစ်စီး

(၁)

လွန်းဆက်နိုးမြတ်ကို အပြင်မှာ လူချင်း မဆုံဖူး မရင်းနှီးပေမယ့် သူ့ကဗျာ သူ့ Status တွေနဲ့တော့ ခဏခဏ ဆုံဖြစ်ခဲ့ပါတယ်။ သူဟာ သူ ပြောချင်တာ ရေးချင်တာကို ဘွင်းဘွင်းနဲ့ရှင်းရှင်း ရေးချပြောချလိုက်တဲ့ သဘောရှိတယ်။ Status မှာ သူတင်တဲ့ စကားတချို့ဟာ နှုတ်နည်းတဲ့ ကဗျာဆရာ တချို့အတွက် သူတို့ပြောချင်တဲ့ စကားတချို့ကို သူတို့ကိုယ်စား ဝင်ပြောပေးသလိုပါပဲ။ အခြားသူတွေ မကြိုက်မှန်း၊ မနှစ်ခြိုက်မှန်း သူသိပေမယ့်လည်း သူပြောခဲ့တယ်။ အဲဒီအတွက် သူ့ကို တချို့က နှစ်သက်ကြတယ်။ တချို့ကတော့ သူ့ကို မျက်မုန်းကျိုးကြတယ်။ သူ့အပေါ် ကြည့်မရသူများတွက် (ဦး) အောင်ချိမ့်ရဲ့ ကဗျာထဲကလို "တစ်ဖက်သက် ရှုံးပွဲများအတွက် သူ ထိုက်ထိုက်တန်တန် ဝေစုရခဲ့တယ်။ အဲဒီဝေစုအတွက်ဖြင့် သူ တာဝန်ကျေပါ ရဲ့"လို့ အမွန်စကား လက်ဆောင်ပါးလိုက်ပါတယ်။

လွန်းဆက်နိုးမြတ်ရဲ့ ကဗျာတွေထဲက ၂၀၀၅/၂၀၀၆ ခုနှစ် တစ်ဝိုက် လူမှုကွန်ရက် Facebook ပေါ်မှာတွေ့ရတဲ့ သူ့ကဗျာအချို့ကို ဝင်ရောက်ဖတ်ရှု ဖြစ်ခဲ့တယ်။ လွန်းဆက်နိုးမြတ်ရဲ့ ကဗျာတွေဟာ 'နိုးနေရင်းမက်တဲ့အိပ်မက်' တွေလို့ ကျွန်တော်ကတော့ မှတ်ချက်ပေးချင်ပါတယ်။ ကျွန်တော့်စကားကို ရှင်းပါမယ်။ ဖရွိုဒ်အလိုအရတော့ 'အိပ်မက်' ဆိုတာ လူတို့ရဲ့ အကယ်တန္တ မပြုလုပ်နိုင်သောကြောင့် လည်းကောင်း၊ မပြုလုပ်အပ်သောကြောင့် လည်း

mgyoe.com

ကောင်း ချုပ်တီးထားရသော ဆန္ဒလိုအင်များကို အိပ်မက်ခြင်း ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ မသိစိတ်ကို နှပ်ကြောင်းပေးလိုက်ခြင်း သဘောပါပဲ။ 'နိုးနေရင်း' ဆိုတဲ့ စကားကတော့ လူမှုစည်းကမ်း ထုံးတမ်းဓလေ့ အစဥ်အလာများ၊ လူကျင့်ဝတ်များ၊ ကြောင်းကျိုးခွဲခြားနိုင်တဲ့ စိတ်များပဲ ဖြစ်ပါတယ်။ ဆိုလိုတာက သူ့ကဗျာတွေဟာ လူ့စည်းကမ်း ထုံးတမ်းဓလေ့ အစဥ်အလာ Tabooတွေဆီကနေ ကဗျာတွေနဲ့အတူ ထွက်ပြေးခြင်းပါပဲ။ လူမှုစည်းကမ်း ပတ်ဝန်းကျင်အရ မပြုလုပ်အပ်တဲ့ မပြုလုပ်ထိုက်တဲ့ အရာတွေကို ကဗျာတွေနဲ့ အတူ ပြုလုပ်လိုက်ခြင်းပါပဲ။ သူ့ကဗျာတွေဟာ မသိစိတ်က လောင်ကျွမ်းတဲ့ အမှုကိစ္စတွေကို အိပ်မက်ကတစ်ဆင့် ဆက်သွယ်ပြီး ကဗျာအဖြစ် သွန်းလောင်းလိုက်ခြင်း ဖြစ်တယ်လို့ ဆိုချင်ပါတယ်။ ကျွန်တော်တို့ အမှတ်တမဲ့ ဖြစ်နေတဲ့ အရာတွေကို ထိုးကလော်ပြသွားခဲ့တယ်။ သူ့ကဗျာထဲက တချို့ အကြောင်းအရာတွေဟာ ကျွန်တော်တို့ ရောက်ရှိဖူး၊ တွေ့ကြုံဖူး၊ ဖြတ်သန်းဖူးတဲ့ အရာတွေ ဖြစ်တယ်။ စိတ်ရဲ့ မည်းမှောင်နေတဲ့ အခန်းကျဥ်းများကို မျက်ဝါးထင်ထင် တွေ့ခဲ့ရတယ်။ ဒီနေရာမှာ ကြံ့တုန်း စိုင်းဝင်းမြင့်ရဲ့ကဗျာ ဆောင်းပါးတုန်းက ညွှန်းဆိုမှုကို ထပ်မံညွှန်းဆိုပါရစေ။ လွန်းဆက်နိုးမြတ်ရဲ့ ကဗျာတချို့ဟာ သစ်ရွက်များနဲ့တူပြီး စိုင်းဝင်းမြင့်ရဲ့ ကဗျာ တချို့ကတော့ သစ်ကိုင်းတွေနဲ့ တူတယ်။ တူဟန်ရှိတယ်။ ဆိုလိုတာက သစ်ရွက်ဆိုတာ သူတို့ အလှုပ်အခတ် ကြီးထွားနှုန်းဟာ သိသာထင်ရှားပြီး လှုပ်ရှားမှုဟာလည်း ထင်သာမြင်သာ ရှိတယ်။ သစ်ကိုင်း ဆိုတာကတော့ ငြိမ်ငြိမ်လေးနဲ့ လှုပ်ခတ်နေတဲ့သဘော။ သစ်ရွက်တွေနဲ့ နှိုင်းယှဥ်ရင်တော့ သစ်ကိုင်းဆိုတာ ကြီးထွားမှု၊ လှုပ်ရှားမှုက နည်းနည်းသိမ်မွေ့သလို ရှိပါလိမ့်မယ်။ နောက်ပြီး လွန်းဆက်နိုးမြတ်ရဲ့ ကဗျာတွေဟာ ခက်ခဲမှုအဆင့်ကို လျှော့ချထားလို့ သာမန်ကဗျာ ဖတ်သူများ အဖို့လည်း လွယ်လင့်တကူ နားလည်နိုင်စေမယ့် ကဗျာများ ဖြစ်တယ်လို့ ညွှန်းဆိုပါရစေ။

လွန်းဆက်နိုးမြတ်က အောင်ရင်ငြိမ်း ကဗျာစာအုပ်အတွက် အမှာစာ ရေးပေးထားတဲ့ စကားနဲ့ပဲ လွန်းဆက်နိုးမြတ်ကို ပြန်တုံ့ပြန်ရရင်တော့ 'သူ့နောက်ပိုင်း အရေးအသားတွေဟာ လူ့အဖွဲ့အစည်းအတွင်းက ကမောက်ကမတွေ၊ လိင်ပိုင်းဆိုင်ရာ သူ့တွေ့ကြုံမှုတွေ၊ သူဖြတ်သန်းနေရတဲ့ မျက်မှောက်

mgyoe.com

mgyoe.com


ခေတ် နိုင်ငံရေး အခြေအနေတွေက သူ့အပေါ် လွှမ်းမိုးရိုက်ခတ်ခဲ့တယ်'' လို့ သူ့စကားနဲ့ပဲ သူ့ကို ပြန်ပြောရပါလိမ့်မယ်။ သူ့ကဗျာစာသား တချို့ဟာ နစဉ်အခါက ဖြတ်သန်းခဲ့ကြတဲ့ လူတချို့ရဲ့ ကွယ်ဝှက်ထားတဲ့ ဖြစ်ရပ်မှန်၊ လူမသိစေလိုတဲ့ သရုပ်မှန် အချက်အလက်တွေကို အခြေခံပြီး အတွေးနယ် ချဲ့မှုများ ဖြစ်တယ်။ ဆယ်ကျော်သက် ကျောင်းသားအရွယ်တွေမှာ စဉ်းစား ချင့်ချိန်မှု အားနည်းစွာ စိတ်ထဲထင်ရာ ဖွတ်လုပ် (သွေးတိုးစမ်း) တတ်ကြ တယ်။ အသက်နည်းနည်း ကြီးလာတော့ တိုက်ဆိုင်လို့ ပြန်ပြောင်းတွေးမိပြီး ရှက်ကိုးရှက်ကန်းဖြစ်သွားတဲ့ အဖြစ်သနစ် တွေ့ကြုံမှုများကို ပြန်ဖော်ထုတ် ထားသလိုပါပဲ။ ဥပမာ– လူမသိစေလိုတဲ့ တစ်ကိုယ်ရေ အာသာဖြေမှုတွေ၊ အရပ်ထဲက အမျိုးသမီးကြီး တချို့နဲ့ စာသင်ပေးတဲ့ ဆရာမအပေါ် လိင်ဆန္ဒ ရမ္မက်စိတ်တွေ ဖြစ်ပေါ်တတ်ကြတယ်။ အခု သူ့ကဗျာမှာလည်း 'လူကြီးမင်း ခေါ်ဆိုသော ဖုန်းနံပါတ်မှာ..' အရန်သင့် အော်ပရေတာ ကောင်မရဲ့ အသံကို အထပ်ထပ်ကျော့ နားထောင် အာသာဖြေနေတယ်။ ရေချိုးနေတဲ့ မိန်းမများကို ချောင်းကြည့်ပြီး သွေးသားစိတ်ဖြေဖျောက်မှုကိုလည်း တွေ့ရတယ်။

(၂)

စာရေးဆရာ တစ်ဦးဟာ တစ်နေ့တော့ ကျွန်တော့်ဆီ ရောက်လာတဲ့ အခါ ဒီလို ကဗျာမျိုးတွေကို ယူဖတ်ပြီး ဘာမှတ်ချက်ပေးသလဲဆိုတော့ လိင်နဲ့ ပတ်သက်ပြီး အစွန်းရောက် ကဗျာများအဖြစ် ရှုမြင်ကြောင်း ပြောလေ တယ်။ စာရေးဆရာကို ကျွန်တော် အပြစ်မမြင်ခဲ့ပါ။ သူ သိထားတဲ့ ယဉ် ကျေးမှု 'စံ'နှုန်း Taboo တွေနဲ့ တိုင်းတာပြီး ဒီကဗျာတွေကို လိင်အစွန်း ရောက်သွားတယ်လို့ သတ်မှတ်ခြင်း ဖြစ်ပေတယ်။ ကြုံတုန်းပြောရရင် အနုပညာ ဆိုတာလည်း အစွန်းနည်းနည်းထွက်မှ ပိုထင်ရှားမယ် ပိုလှမယ်လို့ ထင်မြင်မိပါတယ်။ သမားရိုးကျအတွေး သမားရိုးကျ စကားလုံးတွေကိုပဲ ရေးသားပြီး အထပ်ထပ် ဖော်ညွှန်းနေမယ်ဆိုလည်း ပျင်းရိငြီးငွေ့ဖွယ် အရေး အသားတွေ ဖြစ်သွားပါလိမ့်မယ်။ လွန်းဆက်နိုးမြတ်ရဲ့ ကဗျာထဲက လိင်ဆန္ဒ အာသာဖြေမှုတွေဟာ ကျွန်တော့်အနေနဲ့ ပြောရရင်တော့ စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေကို ဖြေရှင်းနေမှု တစ်ရပ်လို့လည်း ထင်မြင်မိပါတယ်။ တစ်ချိန်

mgyoe.com

mgyoe.com


က ဖရွိုဒ်ရဲ့စိတ် စိစစ်မှု သီအိုရီတွေကို ပလေးဘွိုင်း (Play boy) တို့လို ညစ်ညမ်းတဲ့ စာအုပ်တွေမှာပဲ သွားထည့်ပါလို့ ပြင်းထန်တဲ့ ဝေဖန်မှုတွေ၊ သူငယ်လိင်စိတ် ဆိုတဲ့ ဝေါဟာရကို ကြားရုံနဲ့ ကလေးတွေ လိင်ဆက်ဆံလိုစိတ်ဖြစ်လာလိမ့်မယ် စသည်ဖြင့် အပေါ်ယံကြော အသိတွေနဲ့ ပက်ပက်စက်စက် ထိုးနှက်တိုက်ခိုက်မှုများကို ခံခဲ့ရဖူးလေတယ်။ ဒါကြောင့် ဖရွိုဒ်ရဲ့ စိတ်စိစစ်မှု သီအိုရီအတွက် (Unprintable)ပုံနှိပ်ရန် မသင့် ဆိုတဲ့ ဝေါဟာရကို သုံးစွဲပြီး အတင်းအဖျင်း အမနာပ ပြောကြလေတယ်။ အစ္စထ္တုပ္ပတ္တိ ဆရာကျူးကတော့ ဝေဖန်ရေးခေတ်ကြီး သုံးခေတ်ရှိတဲ့အနက် ပထမခေတ်ဟာ မိမိနဲ့ ဘာသာအယူဝါဒမတူတဲ့သူကို မုန်းတီးမှုခေတ် ဆိုတာ ဖရွိုဒ် သုတေသနလုပ်နေတဲ့အချိန်မှာ ကုန်ဆုံးသွားခဲ့ပြီလို့ ဆိုတယ်။ ဒုတိယခေတ်ကတော့ လိင်ကိစ္စကို မုန်းတီးစက်ဆုပ်ရွံရှာတဲ့ခေတ်ကို ရောက်ခဲ့တယ်။ အဲဒီခေတ်မှာ ဖရွိုဒ်ရဲ့ စာအုပ်များ ဟောတစ်အုပ် ဟောတစ်အုပ်ဆိုသလို ထွက်ပေါ်ခဲ့ပြီး သူ့တပည့်တွေဟာလည်း နေရာအနှံ့ စိတ်ကုထုံးပေးကာ စိတ်စိစစ်မှုများ ပြုလုပ်ပေးခဲ့တယ်။ အဲဒီခေတ်မှာလည်း လိင်ကိစ္စကို မုန်းတီးစက်ဆုပ်ရွံရှာသူတို့ရဲ့ ဝေဖန်တိုက်ခိုက်မှုကို ခံခဲ့ရတယ်။ တတိယဖြစ်သော မိမိနဲ့ နိုင်ငံရေးသဘောတရား အယူအဆမတူသူကို မုန်းတီးစက်ဆုပ်ရွံရှာသော ခေတ်ကို ရောက်သောအခါတွင် ဖရွိုဒ်ရဲ့ သီအိုရီကို ဝေဖန်သူတို့ လျော့နည်းသွားခဲ့တယ်။ လိင်ကိစ္စကို သဘာဝ အပြုအမူ တစ်ရပ်အဖြစ်သာ သဘောထားလာကြတယ်။ တစ်ဖက်သတ်ကျတဲ့ ဝေဖန်မှုများ ဆိတ်သုဉ်းသွားခဲ့ပါတယ်။

လွန်းဆက်နိုးမြတ်ရဲ့ ဆိုက်ကိုစီးရီးထဲက ကဗျာတွေဟာ Taboo အပျက်တွေကို ကတ်တလောက်စီ ထည့်ထားသလိုမျိုး တွေ့ရတယ်။ ‘အရွယ်ရောက်စ ကျွန်မ နို့တွေကို အဖေက တပြွတ်ပြွတ် လာစို့တယ်။ မေမေနဲ့ သိပ်တူတဲ့။ ငါနဲ့ရွယ်တူ မိန်းမတစ်ယောက်။ အဲဒီမိန်းမ ရေချိုးတာ ချောင်းကြည့်ပြီး၊ ငါသွေးသား ဖြေဖျောက်မိ။ ရှေးဟောင်းခေတ် လူသားတွေဆီက ဆင်းသက်လာတဲ့ ခလေ့က သွေးသားတော်စပ်သူအချင်းချင်း လိင်ပိုင်းဆိုင်ရာ ပတ်သက်မှုရှိမှာကို လွန်စွာ စိုးရိမ်ထိတ်လန့်လာကြတယ်။ အဲဒီအတွက်လည်း အစဉ်အလာ စာပေရေးသားမှု ဝတ္ထုတွေ၊ ကဗျာတွေမှာ Taboo တွေကို အလေးအနက်ထား သတိပြုဆင်ခြင် ရေးသားကြတယ်။ ဒါပေမဲ့လည်း

mgyoe.com

mgyoe.com


တကယ့်လက်တွေ့ ပြင်ပအရှိတရားမှာတော့ လူမှုရေး ရှုပ်ထွေးမှု ဆိုတာ တကယ် ရှိနေတာပဲလေ။ အထူးသဖြင့် အဖေအရင်းနဲ့ သမီးဖြစ်သူတို့ရဲ့ ဇာတ်လမ်းတွေ ဖြစ်တယ်။ ကျွန်တော်တို့ နေထိုင်တဲ့ လူ့အဖွဲ့အစည်းရဲ့ လက်သုံးစကားအရ ဆိုရင်တော့ ခွေးဇာတ်ခင်းတယ်လို့ သုံးနှုန်းကြပါလိမ့်မယ်။ အဲဒီမှာတော့ လိင်သာယာမှုက နောက်မှ ရောက်လာမှာဖြစ်ပြီး အကြောက်တရားက အဦးဆုံး လာချေလိမ့်မယ်။

"သူရဲ့ဆိုက်ကို ကဗျာစီးရီးဆိုတာ သူကိုယ်တိုင် အားယူပွင့်ခဲ့ရတဲ့ ပွင့်ဖတ်တွေကို သူကိုယ်တိုင် လှီးပြီး ချကျွေးခဲ့တာဖြစ်ပြီး အဲဒီ ပွင့်ဖတ် အံဖတ်တွေထဲမှာ သူ့ကိုယ်ထဲက သွေးစသွေးနတွေကို တပါတည်း တွေ့ရပြန်တယ်။ ဘာသာရေး လူမှုရေးပြဋ္ဌာန်းချက်တွေနဲ့ ပြည့်နှက်နေတဲ့ Taboo တွေဟာ အယူအဆအသစ်၊ အကြောင်းအရာသစ် လိုလားတဲ့ ကဗျာရေးလိုသူများအတွက် ရှေးလူတွေ အမြတ်တနိုး စီရင်ခဲ့တဲ့ အတားအဆီးတွေပါပဲ။ Taboo တွေနဲ့ ထိပ်တိုက်တွေ့ဆုံမှုဆိုတာကလည်း စွန့်စားမှု တစ်ရပ်ပါပဲ။ ဘာလို့လဲဆိုတော့ ယဉ်ကျေးပျူငှာတဲ့ လူ့အဖွဲ့အစည်းရဲ့ ပြစ်တင်ကဲ့ရဲ့မှု၊ ဝေဖန်ရှုတ်ချမှုတွေနဲ့ ရင်ဆိုင်ရဖွယ် ရှိပါတယ်။

ငါ့မိန်းမကို ဟိုကောင်နဲ့ လွှတ်လိုက်တယ်။ ရလာတဲ့ကလေး။ ငါ့ ကလေး

ဆိုက်ကို (၉)

ရှင့်ဇနီးနဲ့ ကိုယ်လက်နှီးနှောတိုင်း။ ရှင့်မျက်နှာကိုပဲ မြင်တယ်။ ဒီနည်းနဲ့ ရှင့်ကို ကျွန်မ အပိုင်ရတယ်

ဆိုက်ကို (၁၀)

ဆိုက်ပရပ်စ်လမ်းကို အပိုင်ရဖို့ ဖန်ဂိုးကို သတ်ပေးရသလို၊ အဝါရောင်တွေကို အပိုင်ရဖို့ ရှော့သကိုကိုလည်း ဒီနည်းနဲ့ သတ်ခဲ့ရတာပါပဲ။ အခုလည်း ဆိုက်ကိုစီးရီးထဲက လက်သည်းချွန်ချွန်တွေ၊ မေမေ့အောက်ခံဘောင်းဘီတွေ၊ အထက်တန်းကျောင်းသူ ဝတ်စုံအပေါ် ကိုယ်လုံးတီးချွတ်ပြီး အလျားထိုးမှောက်လိုက်ရတဲ့ မွှမ်းရှုရာတွေရဖို့ လွန်းဆက်နီးမြတ်ဟာ လွန်းဆက်နီးမြတ်ကို ရက်ရက်စက်စက် ပြန်သတ်လိုက်ရတဲ့ အပိုင်းတွေကိုလည်း သူ့ကဗျာတွေမှာ

mgyoe.com

mgyoe.com


တွေ့ရသလိုပဲ။ ဒါပေမဲ့ ဒီနေရာမှာ ပြောချင်တာ တစ်ခုက သူ့ရဲ့ ကဗျာထဲက လိင်မှုရေးရာ စာသားတွေ၊ ရှိရင်းစွဲ ဘာသာရေး ယဉ်ကျေးမှု စံနှုန်းတွေကို ဆန့်ကျင်တဲ့ အရေးအသားတွေကို ကြည့်ပြီး သူ့ရဲ့ လက်ရှိဘဝ (Life)ကို လည်း ဒီအတိုင်း ဖြစ်လိမ့်မယ်လို့ တစ်ထစ်ချ ပုံသေသတ်မှတ်ရင်တော့ လွဲမှားကောင်း လွဲမှားသွားဖွယ် ရှိနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ သူ အသက်ရှင် ရပ်တည်ရတဲ့ လူ့အဖွဲ့အစည်း၊ လူမှုဘဝ၊ သူ့မိသားစု၊ သူ့အသိုင်း အဝိုင်း၊ Tabooတွေနဲ့ နေထိုင်ရတဲ့ လွန်းဆက်နိုးမြတ် ဆိုတာလည်း ရှိနေပါ လိမ့်မယ်။ လိင်မှုရေးရာတွေနဲ့ ထုံမွမ်းပါဝင်နေပြီး စိတ်စိစစ်မှုတွေနဲ့ နာမည် ပျက်နေတဲ့ ဖရွိုဒ်ကို အတ္တာပ္ပတ္တိ ဆရာဂျုံးက 'အနောက်တိုင်းသား မြို့ကြီးသား လည်းဖြစ်၊ လိင်မှုဆိုင်ရာ သီအိုရီများအကြောင်း သုတေသနပြု ရေးသားနေ သော်လည်း ဖရွိုဒ်ဟာ အလွန်သန့်စင် ထူးခြားတဲ့ 'တစ်လင်တစ်မယား' စနစ်ကို ကျင့်သုံးနေတဲ့အတွက် အံ့သြစရာ လူအဖြစ် မှတ်ချက်ပေးခဲ့ဖူးပါတယ်။ အောက်မှာ ဖော်ပြလိုက်တာကတော့ လွန်းဆက်နိုးမြတ်ရဲ့ ကဗျာအချို့ ဖြစ် ပါတယ်။

> ဘုရားသခင်ရဲ့ ကျေးဇူးတော်ပါပဲ
> သူမ ခန္ဓာကိုယ် အလှကို
> ရှင်းရှင်းလင်းလင်း ခံစားခွင့်ရတယ်။
> တစ်အိမ်လုံးမှာကလည်း
> ဘုရားစင်ထဲ
> ခေါင်းထိုးဝင်ကြည့်ရတဲ့ အပေါက်ငယ်ကသာ
> တစ်ဖက်ခြံ ရေချိုးကန်နဲ့
> တည့်တည့်ရှုရှု ရှိလှတာ။ ။
>
> (ကျေးဇူးတော် ချီးမွမ်းခန်း)

> စစ်ပွဲပြီးသွားပြီ။
> ခွေးတစ်ကောင်က
> အလောင်းကောင်တွေကြား တရှုံ့ရှုံ့အနံ့ခံလို့
> သာယာလိုက်တာ။
>
> (ကျည်ခွံတစ်ခုရဲ့ ပြောစကား)

mgyoe.com

mgyoe.com


လွန်းဆက်နိုးမြတ်ရဲ့ ကျေးဇူးတော် ချီးမွမ်းခန်း ကဗျာထဲမှာ အကြောင်းအရာကတော့ ရိုးရိုးရှင်းရှင်းပဲ ဖြစ်တယ်။ တစ်အိမ်လုံးမှာ ချောင်းကြည့်စရာ အပေါက်ဆိုလို့ ဘုရားစင်ထဲမှာသာ ရှိတယ်။ ဒီလိုနဲ့ တစ်ဖက်ခြံက ရေချိုးနေတဲ့ မိန်းမကို ချောင်းကြည့်ချင်လို့ ဘုရားစင်ထဲ ခေါင်းထိုးထည့်ပြီး လောဘဇောတိုက်နေတဲ့ လိင်ဆန္ဒတွေနဲ့ပေးတွေ့ပြီး အာသာဖြေခဲ့တယ်။ အကြောင်းအရာ ရိုးရှင်းပေမယ့် ခေါင်းစဉ်ပေးထားတဲ့ စကားလုံး ရွေးချယ်မှုဟာ ကဗျာဖတ်သူကို ကျေနပ်စေခဲ့ပါတယ်။ ချောင်းစရာ အပေါက်မရှိလို့ ဘုရားစင်ထဲ ခေါင်းထည့်ပြီး ချောင်းမြောင်းရတဲ့အတွက် ဘုရားစင်ရဲ့ ပိုင်ရှင်ဘုရားသခင်မှာ သူ့အပေါ် ကျေးဇူးတွေရှိကြောင်း၊ ဘုရားသခင်ကို ကျေးဇူးတင်ကြောင်း ကျေးဇူးတော် ချီးမွမ်းခြင်းလို့ ရွတ်နောက်နောက် ခပ်သော့သော့ ပြောထားခြင်းပဲ ဖြစ်တယ်။ ခမ်းနားဖွယ်ရာ ခေါင်းစဉ်ပေးမှုဟာ ကဗျာရဲ့ အဓိက မောင်းနှင်အားပဲ ဖြစ်ပါတယ်။ ဂုဏ်အားဖြင့် သမာဓိဂုဏ် မြောက်တယ်လို့ ဆိုပါမယ်။ ရှေးဆရာကြီးတွေကလည်း ကဗျာတို့ရဲ့ အသက်ဝိညာဉ်အဖြစ် တင်စားခဲ့ကြလေတယ်။

'ကျည်ခွံတစ်ခုရဲ့ ပြောစကား' ကဗျာမှာလည်း ကျွန်တော်တို့ သမားရိုးကျမြင်နေတဲ့ အခြမ်းက ရေးသားခြင်း မဟုတ်ဘဲ ကျွန်တော်တို့ ကွယ်ပထားတဲ့ ဖုံးအုပ်ထားတဲ့အပိုင်း၊ အခြမ်းဘက်ကနေ ကြည့်ပြီး ပြောထားခြင်း ဖြစ်တယ်။ စစ်ပွဲဆိုတာကို ပုဂ္ဂိုလ်တစ်ဦးချင်းလိုက်သော် လည်းကောင်း၊ လူမှုအဖွဲ့အစည်းအရသော် လည်းကောင်း၊ အနိဋ္ဌာရုံအဖြစ် သတ်မှတ်ဆန့်ကျင်ကြပါလိမ့်မယ်။ များသောအားဖြင့် မနှစ်မြို့သူက များပါလိမ့်မယ်။ စစ်ပွဲဆိုတာနဲ့ ဆန့်ကျင်ပြီးသား ဖြစ်လိမ့်မယ်။ ဒါပေမဲ့ ခွေးတွေလို တိရစ္ဆာန်များအတွက်တော့ တုံးလုံးပက်လက်ဖြစ်နေတဲ့ အလောင်းကောင်တွေဟာ သခင်လာပြီး ချကျွေးထားတဲ့ စားနပ်ရိက္ခာတွေအဖြစ် ထင်မြင်ကြပါလိမ့်မယ်။ ခွေးတွေအတွက် သာသာယာယာနဲ့ ကျေနပ်နေပေမယ့် စာနာနားလည်မှု အသိဉာဏ်ရှိတဲ့ လူသားတွေအတွက်တော့ အော့နှလုံးနာစရာ အဖြစ်သနစ်တွေပါပဲ။

လွန်းဆက်နိုးမြတ်ရဲ့ နောက်ပိုင်း ရေးသားတဲ့ကဗျာ အရေးအသားစာသားတွေမှာ ရိုးရှင်းမှုဆီသို့ ဦးတည်နေပေမယ့် စွဲမက်ဖွယ်ရာ ပသာဒဖြစ်မှုတွေကို အယုတ္တ အနုတ္တ အနိဋ္ဌာရုံတွေနဲ့ အစားထိုး လက်ခံပြီး ငြင်းပယ်ထား

mgyoe.com

mgyoe.com


လေတယ်။ ဆိုလိုတာ အရုပ်ဆိုး အကျည်းတန်တဲ့ အနိဋ္ဌာရုံ မြင်ကွင်းများကို ကဗျာစာသားတွေအဖြစ် ရှုမြင်စေမှုပါပဲ။ ဒီနေရာမှာ ပြောစရာရှိတာက ပန်းပွင့်တွေ၊ တိမ်တိုက်တွေ၊ မြက်ခင်းစိမ်းတွေ ကဗျာမှာပါမှ အလှအပ ပသာဒဖြစ်မှုအဖြစ် သတ်မှတ်ကြမှာလား။ ဖိနပ်သဲကြိုးကိုက်နေတဲ့ ခွေး တစ်ကောင်၊ ပင်လယ်ရေအောက်မှာ အလောင်းတွေနဲ့ ပူးချည်ထားတဲ့ ကျောက်တုံး၊ ကာမစိတ်တွေ စီးပိုးလွှမ်းမိုးနေတဲ့ မိန်းမ၊ ချောင်ကျကျ အခန်း တွေကို အလှအပအဖြစ် မရှုမြင်တတ်ရင်တော့ လွန်းဆက်နိုးမြတ် ကဗျာတွေ ဟာ မသုတ်ဘဲထားတဲ့ တံတွေးတွေလို ညစ်ပတ်စုတ်ပြတ်နေတဲ့ အော့နှလုံးနာ စရာ အရေးအသားတွေ ဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။

ဆိုက်ကို (၁၄) ကဗျာထဲမှာလည်း ဘုရားငုတ်တိုတွေကြားမှာ လိင် ဆက်ဆံရတာကိုပဲ ကျေနပ်သာယာမှု အပြည့်အဝရရှိသလို စိတ်ခံစားမှုတွေ အဖြစ် အင်္ဂါရပ်ဆန်တဲ့ ဆိုက်ကိုးစစ်တစ်ယောက်အသွင်ကို ဆောင်နေပါတယ်။ သူ့ကဗျာထဲက လိင်နဲ့ ပတ်သက်တဲ့ ဇာတ်ဆောင်တွေဟာ သာမန်လူများနဲ့ လူသားအကျိုးပြု အဖွဲ့အစည်းတွေအတွက်တော့ ပြဿနာရှိပြီး လက်ခံဖို့ ခဲယဉ်းကောင်း ခဲယဉ်းနေပါလိမ့်မယ်။ ပင်လယ်ကဗျာဟာ အိမ်ထောင်ရေး ဖောက်ပြန်တဲ့ မိန်းမနဲ့ လင်ငယ်ကို သတ်ပြီး အလောင်းတွေကို ပင်လယ်ရေ အောက်မှာ လက်စဖျောက်ပစ်ခဲ့တယ်။ ပြီးတော့ သူ့မိန်းမကို တမ်းတသတိရပြီး လွှံ့ဆော်မှုအာရုံများနဲ့ လိင်ဆန္ဒဖြစ်ပေါ်စေမှုတွေအတွက် သွေးသားဖြေဖျောက် ခဲ့တယ် ဆိုပါတော့။ ပြောရရင်တော့ မနှစ်မြို့ဖွယ်ရာ အနိဋ္ဌာရုံတွေနဲ့ စိတ္တဇ ဆန်မှုကို ပိုပြီး ပေါ်လွင်စေခဲ့တယ်။ ဖရွိုဒ်ရဲ့ ပေးစာ တစ်စောင်မှာ သူကိုယ် တိုင် သိစိတ်နဲ့ မသိစိတ်တို့ရဲ့ ခြင်းရာလက္ခဏာတွေကို အသေးစိတ် ရှင်းလင်း ဖော်ထုတ်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ပျိုရွယ်စိတ် ယိုယွင်းရောဂါတို့ရဲ့ ဆက်နွယ်မှုနဲ့ ပတ်သက်တဲ့ ပြဿနာများရဲ့ အဖြေကိုလည်း ဖော်ထုတ်နိုင် ခဲ့ကြောင်း၊ စိတ်စွမ်းအားတွေနဲ့ ပတ်သက်တဲ့ အရာဝတ္ထုတွေဟာ မသိစိတ်ထဲ မှာ ရှိနေပါသတဲ့။ သိစိတ်စနစ်ဆိုတာ မသိစိတ်အတွင်းမှာ ရှိနေတဲ့ စိတ်ကူး အကြံအစည်တွေကို စကားလုံးတွေပါတဲ့ အယူအဆတွေနဲ့ ဆက်စပ်ပေးလိုက်ပါ တယ်။ အဲဒီမှာ စကားလုံးတွေရဲ့ ဖော်ပြမှုတွေကြောင့် ခံစားမှု တစ်ခုဟာ မသိစိတ်အတွင်းမှာ တည်ရှိနေတယ် ဆိုတာကို သိနိုင်ကြပါတယ်လို့ ဆိုထား လေတယ်။

mgyoe.com

mgyoe.com


(၄)

ခြုံငုံပြီး ပြောရရင်တော့ လွန်းဆက်နိုးမြတ်ရဲ့ ကဗျာစာသားတွေဟာ စစ်အာဏာရှင် လက်အောက်တုန်းက ရေးသားဖော်ပြခွင့်မပြုတဲ့ ပုံသဏ္ဍာန် အမျိုးမျိုးနဲ့ ထိန်းချုပ်ခံထားရတဲ့ ညစ်ညမ်းမှုတွေလို့ ယူဆရတဲ့ လူသားတွေရဲ့ လိင်သဘာဝစိတ်များကို ပြောင်ပြောင်တင်းတင်း ပျစ်ပျစ်နှစ်နှစ် ရေးဖွဲ့ထားခြင်း ဖြစ်တယ်။ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာတွေရဲ့ လူ့အဖွဲ့အစည်းရဲ့ စံသတ်မှတ်ချက် Tabooတွေနဲ့တော့ ပြဒါးတစ်လမ်း သံတစ်လမ်း ပါပဲ။ မသိစိတ်ကို ရှာဖွေလိုခြင်းဟာ သိစိတ်ရဲ့ ဆန္ဒကြောင့်လည်း မဟုတ်။ စေ့ဆော်မှု တစ်ခုခုကြောင့်လည်း မဟုတ်။ ပါရမီရှင်တို့ရဲ့ ရုတ်ခြည်းထွက်ပေါ်လာတဲ့ ဉာဏ်လည်း မဟုတ်။ အခြေအနေရဲ့ လိုအပ်ချက်များအရ တဖြည်းဖြည်းချင်း ဖွံ့ဖြိုးပေါ်ထွန်းလာတဲ့ အလိုလို သိမှုများကြောင့်သာ ဖြစ်တယ်။ လွန်းဆက်နိုးမြတ်ဟာ သူ့ကဗျာထဲက ဇာတ်ဆောင်လိုလို အရာတွေကို ခန္ဓာကိုယ်အနံ့ Taboo အပျက်တွေ တပ်ဆင်ပေးပြီး ယဉ်ကျေးမှု စံနှုန်းတွေ ပြည့်နှက်နေတဲ့ ကျွန်တော်တို့နေထိုင်ရာ လူ့အဖွဲ့အစည်းဆီကို စေလွှတ်ပေးခဲ့တယ်။ ပြီးတော့ အကျိုးအကြောင်း သတင်းတွေလည်း လှမ်းမမေးခဲ့ဘူး။ သူ့ကဗျာထဲက ဇာတ်ဆောင် အချို့ရဲ့ လုပ်ရပ်တွေဟာ ပြင်ပအရှိတရားရဲ့ ကွဲလွဲမှုတွေနဲ့အတူ အမှန်အမှား ခွဲခြားခြင်းကိုလည်း လျစ်လျူရှုခဲ့တယ်။ သူ့ကဗျာထဲ ရောထည့်ပြီး ကျွေးထားတဲ့ မူးယစ်မှိုင်းတိုက်မှုများကြောင့် ချောင်တစ်ချောင်ဆီကို ကျွန်တော်တို့ ရောက်ရှိသွားခဲ့တယ်။ အဲဒီချောင်မှာ ကျွန်တော်တို့ကို မိန်းမူးစေခဲ့တယ်။ ပြီးတော့ ကယောင်ကတမ်း စမ်းမိ၊ နူးညံ့ပြီး ကြမ်းရှနေတဲ့ ဆီးခုံလိုလို အရာတစ်ခု။ ဒါပေမဲ့ ကျွန်တော်တို့ ဆက်ပြီး အိပ်စက်ခဲ့ကြတယ်။ သူ့ကဗျာတွေနဲ့ အတူ Tag လုပ် ထည့်ပေးလိုက်တဲ့ နောက်ထပ်အိပ်မက်အသစ်တွေ ဆက်ပြီး ရလိုရငြား မျှော်လင့်မှုများစွာဖြင့်…။

*အညွှန်း ။ ။ ဒေါက်တာကျော်စိန် (မသိစိတ်ရှာပုံတော်)*

၂၀၁၇၊ အမှတ် – ၇၊ ကဗျာမဂ္ဂဇင်း။

◻

mgyoe.com